# ကြေးမုံ
## The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (18-10-2005) (၄၇၅၂)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၁၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် ယနေ့နံနက် ၁၁နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နန်နင်းမြို့သို့ ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (အပေါ်ပုံ)
(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၈–၁၀–၂၀၀၅
(အင်္ဂါနေ့)

# ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေး တွေ့ဆုံဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်

မျက်မှောက်ကာလတွင် ကမ္ဘာကြီး၌ လူသန်းပေါင်း ၆၀၀၀ကျော် ရှိသည့်အနက် လူသန်းပေါင်း ၈၀၀ ကျော်သည် စားနပ်ရိက္ခာ ဖူလုံမှုမရှိဘဲ အခက်အခဲနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ အကြား ဆင်းရဲချမ်းသာကွာဟမှုများမှာလည်း ကြီးမားနေဆဲပင် ဖြစ်သည်။ ယင်းကဲ့သို့ ဆင်းရဲချမ်းသာ ကွာဟမှုများကို တတ်စွမ်းသမျှ လျော့ကျ သွားနိုင်စေရန် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများသည် ဖွံ့ဖြိုးရေးလုပ်ငန်းအစီစဉ်များအတွက် ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေး အဖြေရှာကြရမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာလ ၁၆ရက်နေ့က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက် အအုံ၌ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး စိုက်ပျိုးထုတ်လုပ်မှုတွင် ထူးချွန်ဆုရရှိကြသော မြို့နယ်များနှင့် တောင်သူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်း ပြောကြား ရာတွင် **ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်နှင့်အညီ ငတ်မွတ် ခေါင်းပါးမှုကင်းစင်သော ကမ္ဘာကြီးဖြစ်ထွန်းလာစေရန်အတွက် ကမ္ဘာ့ နိုင်ငံအားလုံး နီးနွယ်ဆက်စပ်နေသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း အားလုံးသည် အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုများ၊ ပူးပေါင်း ဆောင်ရွက်မှုများ ထိထိရောက်ရောက် ပြုလုပ်ပြီး စားနပ်ရိက္ခာ တိုးတက်ဖူလုံစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည် ဖော်ကြရန်** တိုက်တွန်းပြောကြား သွားသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် ပြည်သူ အများစု၏ အသက်မွေးဝမ်းကျောင်း ကုန်ထုတ် လုပ်ငန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တော ကဏ္ဍတစ်ခုခုတို့ကို မှီခို အားထားလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က အဆိုပါကဏ္ဍသုံးရပ်၌ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန် အဘက်ဘက်က တည်ဆောက် ဖြည့်ဆည်း ပေးခဲ့ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စားနပ်ရိက္ခာဖူလုံမှု တို့ကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအဓိကရည်မှန်းချက်သည် ပြည်တွင်း စားသုံးမှုဖူလုံရေးနှင့် ပြည်ပဈေးကွက်ကို ဖြည့်ဆည်း ပေးနိုင်ရေးဖြစ်သည်။ အဆိုပါရည်မှန်းချက်နှင့်အညီ သဘာဝသယံဇာတများ အစွမ်းကုန် အသုံးပြုခြင်း၊ အထွက်တိုး မျိုးကောင်းမျိုးသန့်သီးနှံများစိုက်ပျိုးခြင်းနှင့် မိရိုးဖလာ စိုက်ပျိုးရေးမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းစိုက်ပျိုးခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စပါးစုစုပေါင်းအထွက်သည် ၂၀၀၀– ၂၀၀၁ ခုနှစ်မှစပြီး တင်းသန်း ၁၀၀၀ ကျော်ရှိလာကာ ၂၀၀၄–၂၀၀၅ ခုနှစ်၌ စပါးတင်းသန်းပေါင်း ၁၂၀၀ နီးပါးခန့် အထိ တိုးတက် ထွက်ရှိလာပြီဖြစ်သည်။ ယင်းသို့ မြန်မာနိုင်ငံ၏ စပါးအထွက် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည့် အောင်မြင်မှုသည် ပြည်တွင်း စားနပ်ရိက္ခာကို ဖူလုံစေရုံသာမက ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပါ အထောက်အကူ ပြုလျက်ရှိသည်။

လယ်ယာကဏ္ဍနှင့်ဆက်စပ်လျက်ရှိသည့် သားငါး ကဏ္ဍမှာလည်း နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အတူ တစ်ရှိန်ထိုး ဖွံ့ဖြိုး တိုးတက်လျက်ရှိသည်။ သားငါး မျိုးကောင်း မျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးနိုင်သည့်အပြင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ခေတ်မီတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသများ၌ တစ်နိုင်တစ်ပိုင် မွေးမြူရေး မှသည် စီးပွားဖြစ် မွေးမြူရေးအထိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ယခုအခါ ပြည်တွင်း သားငါးစားသုံးမှု ဖူလုံလျက်ရှိပြီး ပိုလျှံသည်များကို ပို့မှန်တင်ပို့ ရောင်းချနေပြီဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ၌လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေမြေ သဘာဝ ရာသီဥတု ညီညွတ်မျှတစေရေး၊ ရက္ခမျိုးကွဲ၊ ဇီဝမျိုးကွဲများနှင့် ဂေဟစနစ် တည်တံ့ စေရေး ဦးတည်၍ သစ်ထုတ်လုပ်မှု လုပ်ငန်းများကို စနစ်တကျထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားနပ်ရိက္ခာပြည့်စုံဖူလုံပြီး ကျေးလက်ဒေသပြည်သူများ၏ လူမှုစီးပွား ဘဝ တိုးတက်မြင့်မားစေရန် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိသည့်နည်းတူ ကမ္ဘာ့နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ကမ္ဘာ့စားနပ်ရိက္ခာ တိုးတက်ဖူလုံစေရေးအတွက် ပူးပေါင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက် သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

**ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပဲခူးတိုင်း(အရှေ့)အတွင်းရေးမှူး ဦးစောမော်ထွန်းနှင့် ခရိုင်၊ မြို့နယ်အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ မြို့နယ် အသင်းဝင်များ၊ အခြားလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်၍ ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့၌ ကျင်းပသော "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်" ဆိုင်းဘုတ်ဖွင့်လှစ်ပွဲသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်"ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီး တို့သည် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသော ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း အဝေး (၂၀၀၅) ပထမပိုင်းသို့ တက် ရောက်သည်။ ရှေးဦးစွာ ပဲခူးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း မှ အသင်းဝင် ကျောင်းသား၊ ကျောင်းသူ များက ပြည်မြန်မာသီချင်းနှင့် ရာသက် ပန် ပြည်ထောင်စု သီချင်းတို့ကို ဂုဏ်ပြု သီဆိုကြသည်။

ဆက်လက်၍ပဲခူးတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာ စကားပြောကြားသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ ဗဟိုအလုပ် အမှု ဆောင်၊ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း (အရှေ့) အသင်းအတွင်းရေးမှူး ဦးစောမော်ထွန်း က တစ်နှစ်တာအတွင်း ဆောင်ရွက်မှု များကို တင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို က တိုင်းလုံးကျွတ် ဝတ်ရွတ်စဉ်ပြိုင်ပွဲ ဆု၊ စည်းရုံးရေး စွမ်းဆောင်မှုဆုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီးက ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ပဲခူးတိုင်း အတွင်းမှ ထူးချွန်စွာ ဖြေဆိုအောင်မြင် ခဲ့သူများအား ဆုများ ပေးအပ်ပြီး သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅) ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅) ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူး မြို့နယ် အသင်းဝင်များ၏ သွေးလှူဒါန်း မှုကို ကြည့်ရှုအားပေးပြီး အသင်းဝင် သွေးလှူရှင်များအားဂုဏ်ပြုလက်ဆောင် များ ပေးအပ်သည်။ (သတင်းစဉ်)

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ပဲခူးမြို့နယ်အသင်းဝင်များ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(၂၀၀၅)ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် သွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးစဉ်။** (ရထားပို့ဆောင်ရေး)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၁၀–၂၀၀၅ (အင်္ဂါနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၁၀ ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ
၇:၂၀ ဗွီစီဒီမိတ်ဆက် (ဘဝမှတ်တိုင်များ–၁)
၇:၄၀ ပြည်တွင်းသတင်းအကျဉ်း
၇:၄၅ မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ ဖီဖာကမ္ဘာ့ဖလား ၂၀၀၂
၈:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ အရောင်များထဲမှ အမျိုးသမီးများ
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ Sunday Talk
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ခွာနာလျှာနာရောဂါ ကာကွယ်ပေးပါ
၁၀:၁၅ မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ သံလွင်တံတား(တာပါး)
၁၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

**ညပိုင်း အစီအစဉ်**
၁၀:၃၀ West Brom-Arsenal
**လိုင်း** 5-Cartoons(Delay)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၁၀–၂၀၀၅ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၉။ ဝမ်ပုံရေလှောင်တမံစီမံကိန်း (ရှမ်းပြည်နယ်တောင်ပိုင်း)
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ဝါကျွတ်တေးများ
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
၅:၁၀ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၂၀ ၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး" (အပိုင်း–၃၂)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း–၆)**
၇:၄၅ ၁၃။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **၂၀၀၅ခုနှစ်တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူလက်ဆောင်" (အပိုင်း–၂)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံး–သံရုံးယာယီတာဝန်ခံ မစ္စတာယူဘိုရမ်နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

### လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့်ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းလူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး–သံရုံးယာယီတာဝန်ခံ မစ္စတာယူဘိုရမ်နှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄နာရီတွင် အလုံမြို့နယ် အလုံသင်္ဘောကျင်း ဧရာခန်းမဆောင်၌ ကျင်းပရာ အငြိမ်းစားယူသွားကြသည့် ကန်တော့ခံ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)များ၊ အင်ဂျင်နီယာချုပ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် အငြိမ်းစားယူသွားကြသည့် ဦးဆောင်ညွှန်ကြားရေးမှူးများကိုယ်စား ဦးထွန်းအောင်မြင့်က ဆုံးမစကား ပြောကြားသည်။ ထို့နောက် ကန်တော့ခံပုဂ္ဂိုလ်များအား ကန်တော့ချီးဖြင့် လက်အုပ်ချီမိုး ကန်တော့ကြပြီး ကန်တော့ပစ္စည်းများ အသီးသီးပေးအပ်ကြသည်။ (သတင်းစဉ်)

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် အမှာစကားပြောကြားစဉ်။**

(ပို့ဆောင်ရေး)

## သီတင်းကျွတ်လပြည့်နေ့ တိုင်းရင်းဆေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၇**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်)နေ့တွင်ဗိုလ်တထောင်ဘုရားကြီး ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်ဘုရားဈေးတန်း အမှတ် (၅၁၊ ၅၂) ရှိ ဆေးမှာဘုရင်မိခင် တိုင်းရင်းဆေးဝါးထုတ်လုပ်ကုသဖြန့်ချိရေး ဆေးခန်း၌ အထွေထွေရောဂါကု တိုင်းရင်းဆေးသမားတော်ကြီး ဦးမြင့်သောင်း၊ ဆရာမကြီးဒေါ်မြင့်မြင့်ကြည်နှင့် မိသားစုက ဥပုသ်သည်များနှင့် ဝေဒနာသည်များအား ယနေ့နံနက်၁၀နာရီမှ ညနေ ၃နာရီအထိဆေးဝါးများလှူဒါန်း၍အခမဲ့ ဆေးကုသပေးကြသည်။ (က–ပ)

## အငြိမ်းစား ဆရာ၊ ဆရာမများအား ထောက်ပံ့လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) အငြိမ်းစားဆရာ၊ ဆရာမများ လူမှုရေးထောက်ပံ့ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ရက်က အထက(သုဝဏ္ဏ)၌ကျင်းပသည်။

### ဆက်သွယ်လှူဒါန်းနိုင်

အငြိမ်းစား ဆရာ၊ဆရာမများအား နိုဝင်ဘာလအတွင်း ထောက်ပံ့ငွေပေးအပ်နိုင်ရန်အတွက် ပဥ္စမအကြိမ်မတည်အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၉ရက်(စနေနေ့)နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ)၌ကျင်းပမည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးထွန်းမင်း(ကျောင်းအုပ်ကြီး)ဖုန်း–၅၆၃၆၆၇၊ ဒေါ်ရီရီမြင့်(ဒုဥက္ကဋ္ဌ) ဖုန်း–၅၆၅၂၄၇၊ ဦးစိုးပိုင်(ဒုဥက္ကဋ္ဌ) ဖုန်း–၅၇၀၄၄၀၊ ဦးဥက္ကာအေး(ဘဏ္ဍာရေးမှူး)ဖုန်း–၀၉– ၅၁၄၄၀၂၃၊ ဒေါ်အေးစပါယ်(အဖွဲ့ဝင်)ဖုန်း–၅၇၂၇၇၀၊ ဒေါက်တာဝင်းဝင်းသန်း(အဖွဲ့ဝင်)ဖုန်း–၅၆၁၃၄၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လုံခြုံရေးဆောင်ရွက်နေကြသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၆ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရန်နှင့်ပတ်သက်၍ အမေရိကန်၏တင်းမာသောမူဝါဒ ရုရှားလက်ခံလာရန် ကန်၏ကြိုးပမ်းမှု မအောင်မြင်

မော်စကို အောက်တိုဘာ ၁၆

**အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောထားတင်းမာသည့် အမေရိကန်မူဝါဒကို ရုရှားနိုင်ငံ လက်ခံလာအောင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က စည်းရုံးပြောဆိုသော်လည်း အောင်မြင်မှုမရကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။**

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ဥရောပနိုင်ငံများနှင့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် ငြင်းဆန်လျှင်သော်လည်းကောင်း၊ နျူကလီးယား ဆိုင်ရာလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်နေလျှင်သော်လည်းကောင်း အီရန်၏ နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တင်ပြရလိမ့်မည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်ခဲ့သည်။

**ဆွေးနွေးညှိနှိုင်း**

အီရန်၏ နျူကလီးယားအစီအစဉ်ကိစ္စနှင့်ပတ်သက်၍ ဥရောပနိုင်ငံများထံမှ အကူအညီရရှိရန် သံတမန်ရေးနည်းလမ်းအရ မိမိတို့ ဆွေးနွေးညှိနှိုင်းနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

အီရန်နိုင်ငံတွင် နျူကလီးယားစက်ရုံများကို နိုင်ငံတကာအဏုမြူ စွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ဝင်ရောက်စစ်ဆေးခွင့် ရရှိသင့်ကြောင်း၊ ယခုလောလောဆယ်အခြေအနေအရ မိမိတို့သည် အိုင်အေအီးအေမှတစ်ဆင့် အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန်သာရှိကြောင်း၊ အီရန်၏ နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံတင်ပြရန် လိုအပ်ဦးမည် မဟုတ်ကြောင်း လက်ဗ်ရော့က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘဂ္ဂဒက်အနောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ရာမာဒီမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၆**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် အနောက်ပိုင်းတွင် စနေနေ့နံနက်ပိုင်းက လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိကြောင်း၊ သို့ရာတွင် အရပ်သားတစ်ဦးမျှ ထိခိုက်မှုမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပေါက်ကွဲ**

အီရတ်ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် လူထုဆန္ဒခံယူပွဲကို အောက်တိုဘာ ၁၅ရက်က ကျင်းပချိန်တွင် ယင်းတိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မဲရုံကို စတင်ဖွင့်လှစ်သည့် နံနက် ၇ နာရီတွင် မဲရုံတစ်ရုံအနီး၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ သို့ရာတွင် မဲရုံသို့ မဲဆန္ဒရှင်များ ရောက်ရှိခြင်း မရှိသေးသဖြင့် အရပ်သူ၊ အရပ်သားများထိခိုက်မှုမရှိကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ မိုဟာမက်ခေယွန်က ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ဘက် မိုင်၇၀ အကွာ ရာမာဒီမြို့တွင်လည်း အလားတူ ဗုံးပေါက်ကွဲခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

**ပစ်ခတ်**

ရာမာဒီမြို့တွင် ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက ကင်းလှည့်ထွက်လာသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ အပြန်အလှန်ပစ်ခတ်မှုတွင် ထိခိုက်သေဆုံးမှုများကို မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

***အင်တာနက်။***

# အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ အောက်တိုဘာ ၁၅ရက်အထိ ၁၉၇၀ ရှိပြီ

**ဝါရှင်တန် အောက်တိုဘာ ၁၆**

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လ၌ အီရတ်စစ်ပွဲစတင်ခဲ့ချိန်မှစ၍ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ယင်းနိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၉၇၀ရှိကြောင်း အေပီသတင်းဌာန၏ လေ့လာချက်စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

**သေဆုံး**

အီရတ်တွင်သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်များသည် ၁၅၃၁ ဦးမှာ ရန်သူ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ဖော်ပြပါအရေအတွက်တွင် အမေရိကန်စစ်ဘက်အတွက် လုပ်ကိုင်နေသော အရပ်သားငါးဦးလည်း ပါဝင်ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

**ကြေညာ**

အီရတ်နိုင်ငံတွင် အဓိကကျသော တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်က ထုတ်ပြန်ကြေညာသည့် ၂၀၀၃ ခုနှစ် မေ ၁ရက်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၈၃၁ဦး သေဆုံးခဲ့သည့်အနက် ၁၄၂၂ဦးမှာ တိုက်ခိုက်မှုများအတွင်း သေဆုံးရခြင်းဖြစ်ကြောင်းသိရသည်။ ***အင်တာနက်။***

# စပိန်က အယ်လ်ဆာဗေဒိုသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၆**

စတန်ဟာရီကိန်း ဘေးဒဏ်ခံခဲ့ရသည့်ဒုက္ခသည်များအတွက်ကယ်ဆယ်ရေးပစ္စည်း ၁၃ ဒသမ ၈တန် တင်ဆောင်လာသည့် စပိန်နိုင်ငံမှ လေယာဉ်တစ်စင်း အယ်လ်ဆာဗေဒိုနိုင်ငံသို့ သောကြာနေ့တွင်ရောက်ရှိလာကြောင်း မြို့တော်ဆန်ဆာဗေဒိုမှ ပေးပို့သော သတင်းများတွင်ဖော်ပြထားသည်။

**တင်ဆောင်လာ**

စပိန်နိုင်ငံမှ စစ်ဘက်ဆိုင်ရာကုန်တင်လေယာဉ်သည် စားနပ်ရိက္ခာများ၊ စောင်များ၊ မွေ့ရာများ၊ အဝတ်အထည်များနှင့် ဆေးပစ္စည်းများကို တင်ဆောင်လာကြောင်း အယ်လ်ဆာဗေဒိုရှိ စပိန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက မီဒီယာများကို ပြောကြားလိုက်သည်။

**ကျေးဇူးတင်**

ဟာရီကိန်း ဘေးဒဏ်ခံခဲ့ရသော အလယ်ပိုင်း အမေရိကနိုင်ငံများအတွက် စပိန်နိုင်ငံက အမေရိကန် ဒေါ်လာ ခြောက်သန်း လှူဒါန်းသည့်အတွက် အယ်လ်ဆာဗေဒိုသမ္မတ အန်တိုနီယို အီလီယတ်စ်ဆာကာက ကျေးဇူးတင်ရှိကြောင်း သောကြာနေ့တွင်ပြောကြားသည်။ စပိန်နိုင်ငံက ပေးပို့သည့် စားနပ်ရိက္ခာ၊ ရေနှင့် သန့်ရှင်းရေး လုပ်ငန်းသုံးပစ္စည်း တန်ချိန် ၂၀မှာ ဂွာတီမာလာ နိုင်ငံသို့ ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိလာသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မှောင်ခိုသယ်သည့် လေကြောင်းလုံခြုံရေးဝန်ထမ်းသုံးဦး အီသီယိုးပီးယားတရားရုံးချုပ်က အပြစ်ပေး

**အဒစ္စအဘာဘာ အောက်တိုဘာ ၁၆**

လေကြောင်းဆိုင်ရာ လုံခြုံရေးလိုက်ပါ ဆောင်ရွက်သည့် ဝန်ထမ်းသုံးဦးသည် ရွှေကီလိုဂရမ် ၄၀ နှင့် နိုင်ငံခြားသုံးငွေ အများအပြားကို မှောင်ခိုသယ်ယူရန် ကြိုးပမ်းသည့်အတွက် အီသီယိုးပီးယားတရားရုံးချုပ်က အောက်တိုဘာ ၁၄ရက်တွင် အပြစ်ရှိကြောင်း စီရင်ချက်ချမှတ်လိုက်သည်။

အပြစ်ပေးခံရသူများမှာ ဒင်နီယယ်ရှုမီ၊ တဆိဂယီအီဒီနှင့် ဆင်ဆမ်မာရီဆာဆိုသူ လေကြောင်းလုံခြုံရေးအဖွဲ့ဝင်များ ဖြစ်သည်။ ၎င်းတို့ကို ဖော်ပြပါပစ္စည်းများနှင့်အတူ လက်ပူးလက်ကြပ် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

အပြစ်ပေးခံရသူများသည်မကောင်းမှုကိုပူးပေါင်းကကြံစည်ကြောင်းထင်ရှားစွာ တွေ့ရသည်ဟု စုံညီခုံရုံးကစီရင်ချက်ချမှတ်ရာ၌ ဖော်ပြထားသည်။

၎င်းတို့ကို လာဘ်စားမှုနှင့် အကျင့်ပျက်သူများ တိုက်ဖျက်ရေးအဖွဲ့က တရားလိုပြု၍ တရားစွဲခဲ့ခြင်းဖြစ်သည်။ တရားစွဲဆိုရာ၌တရားခံများနှင့်အတူ ဖမ်းဆီးမိသော သက်သေခံပစ္စည်းများကို တစ်ပါတည်း တင်ပြစွဲဆိုခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**စပိန်နိုင်ငံ ဘာဆီလိုနာမြို့တွင် ၁၈ ရာစုနှစ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံပြိုကျရာ နေရာ၌ ကယ်ဆယ်ရေး ဆောင်ရွက်ရန် ရောက်ရှိလာသော တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဘော်လ်တီမိုးမြို့မှ မီးသတ်တပ်ဖွဲ့ဝင် အီရတ်တွင် သေဆုံးကြောင်းအတည်ပြု

**ဘော်လ်တီမိုး အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံဘော်လ်တီမိုးမြို့မှ မီးသတ်သမားတစ်ဦးသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်စဉ် လွန်ခဲ့သည့် ရက်သတ္တပတ်က သေဆုံးသွားကြောင်း ဘော်လ်တီမိုး မီးသတ်ဌာနတာဝန်ရှိသူများက စနေနေ့တွင် အတည်ပြု ပြောကြားကြသည်။

ဘော်လ်တီမိုး မီးသတ်ဌာနမှ ဒုတိယဗိုလ် ဘရိုင်ယန်ကွန်နာ(၃၂နှစ်)သည် အီရတ်နိုင်ငံရောက် အမေရိကန်အမှတ်(၂၄၃)ခြေလျင်တပ်မတွင်တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း၊ ၎င်းသည် ကြာသပတေးနေ့က အီရတ်တွင် သေဆုံးသွားကြောင်း မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ ကီဗင်ကတ်ရိုက်က ပြောကြားသည်။ သို့ရာတွင် မည်ကဲ့သို့သော အကြောင်းကြောင့် ဘရိုင်ယန်သေဆုံးသွားသည်ကို အသေးစိတ် ဖော်ပြခြင်းမရှိပေ။

ဘရိုင်ယန်သည် ၁၉၉၃ခုနှစ်တွင် မီးသတ်ဌာနသို့ အလုပ်စတင်ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းသည် အရေးပေါ်ယာဉ်မောင်းနှင်သည့် ယာဉ်မောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် မီးသတ်ဒုတိယဗိုလ်အဖြစ် ရာထူးတိုးမြှင့်ခံရကြောင်း၊ ဘရိုင်ယန်သည် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ လက်အောက်၌ မီးသတ်သမားတစ်ဦးအဖြစ် လျှောက်ထားခဲ့ကြောင်း မီးသတ်ဌာနတာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ***အင်တာနက်။***

# တရုတ်တိဘက်ဒေသ ရထားလမ်းဖောက်လုပ်ပြီးစီး

## ကမ္ဘာ့ကုန်းမြင့်ဒေသရထားလမ်းများအနက် အမြင့်ဆုံးနေရာ၌တည်ရှိ

ပေကျင်း အောက်တိုဘာ ၁၆

**ကမ္ဘာပေါ်ရှိရထားလမ်းများအနက် အမြင့်ဆုံးသောအရပ်ဒေသတွင်တည်ရှိသည့် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ယင်းရထားလမ်းသည် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ကူမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက စနေနေ့တွင်ထုတ်ပြန်ကြေညာသည်။**

ဟိမဝန္တာ တောင်တန်းဒေသရှိ အဆိုပါ ရထားလမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၀၇၂ မီတာ (ပေ ၁၆၆၄၀)အမြင့်တွင် တည်ရှိပြီး တိဘက်ဒေသ၏ မြူနှင်းဖုံးလွှမ်းသော ကုန်းမြင့်ဒေသ တစ်ကြောတွင် သွယ်တန်းတည်ရှိသည်။

**အခက်ခဲဆုံး**

တိဘက်ကုန်းမြင့်ဒေသရှိ ရထားလမ်းစီမံကိန်း၏ နောက်ဆုံးဖောက်လုပ်ရသော လမ်းပိုင်းမှာ အခက်ခဲဆုံးနှင့် ငွေကုန်ကြေးကျ အများဆုံးဖြစ်ကြောင်း၊ ၁၁၄၂ ကီလိုမီတာ (မိုင် ၇၁၀) အရှည်ရှိ ရထားလမ်းပိုင်းအတွက် ယခုအချိန်အထိ အမေရိကန်ဒေါ်လာ သုံးဘီလီယံသုံးစွဲခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ဟိမဝန္တာ တောင်စဉ်တောင်တန်း ဒေသတွင် တည်ရှိသည့် ယင်းရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းကို လွန်ခဲ့သည့် လေးနှစ်က စတင်ခဲ့သည်။

**အရှည်ဆုံး**

တိဘက်ဒေသရထားလမ်း၏ ကီလိုမီတာ ၅၅၀ ရှည်လျားသောလမ်းပိုင်းမှာ ရေခဲဖုံးလွှမ်းနေသော မြေသားလမ်းပေါ်တွင် ဖောက်လုပ်ရခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ကုန်းမြင့်ဒေသများ၌ ဖောက်လုပ်သော ရထားလမ်းများအနက် တိဘက်ဒေသ ရထားလမ်းသည် အရှည်လျားဆုံးဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဆက်လက်ဖော်ပြသည်။

ရထားလမ်း ဖောက်လုပ်သည့် လုပ်ငန်း၌ အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ချက်များတွင် ဥမင်လိုဏ်ခေါင်းများ ဖောက်ရသည့် လုပ်ငန်းပါဝင်သည်။

ရထားလမ်းဖောက်လုပ်ရေးလုပ်သားများသည် အောက်စီဂျင်ဘူးများဖြင့် အသက်ရှူကာ ဥမင်လမ်းဖောက်ခဲ့ကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ ၁၅ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ကျေးရွာလက်မှုလုပ်ငန်းကုန်စည်ပြပွဲ ဗီယက်နမ်တွင်ကျင်းပမည်

## လက်မှုပညာထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြု

ဟန္နိုင်း အောက်တိုဘာ ၁၅

**ဗီယက်နမ်နိုင်ငံသည် ပထမအကြိမ်ဗီယက်နမ်-အာဆီယံကျေးရွာ ရိုးရာလက်မှုလုပ်ငန်း ကုန်စည်ပြပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနကို သောကြာနေ့တွင် ပြောကြားသည်။**

ကုန်စည်ပြပွဲကို ဟိုချီမင်းစီးတီး တောင်ပိုင်းတွင် ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိကျင်းပရန် သတ်မှတ်ထားရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့က ထုတ်လုပ်သည့် လက်မှုပစ္စည်းများ၊ သစ်သားထည်ပစ္စည်းများ၊ အိုးနှင့်အလှစိုက်အပင်များနှင့် စားသောက်ကုန် ပစ္စည်းများကို ပြခန်းပေါင်း ၅၀၀ တွင် ပြသထားမည် ဖြစ်သည်။

ပြပွဲကျင်းပစဉ် ကာလအတွင်း သစ်သားထည်ပစ္စည်းများ ထုတ်လုပ်မှုနှင့် တင်ပို့မှု၊ လက်မှုလုပ်ငန်း ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး၊ ရိုးရာလက်မှုအတတ်ပညာလုပ်ငန်းများ မြှင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်သည်။

**အထောက်အကူပြု**

အဆိုပါပြပွဲသည် ရိုးရာလက်မှုအတတ်ပညာ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည် ဖြစ်သည်။ ၎င်းအပြင်လက်မှုပစ္စည်းများ တင်ပို့မှုကို မြှင့်တင်ပေးပြီး ခရီးသွားလုပ်ငန်း တိုးတက်ရေးကိုလည်း ရှေးရှုမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**တင်ပို့**

ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ ခုနှစ်က အမေရိကန်ဒေါ်လာသန်း ၄၁၀ တန်ဖိုးရှိ လက်မှုပစ္စည်းများကို ပြည်ပသို့ တင်ပို့ခဲ့ရာ ၂၀၀၃ ခုနှစ်ကထက် ၁၁ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်တိုင်ပေ၊ ဂျာမနီနှင့်ဩစတြေးလျနိုင်ငံတို့သို့ အဓိက တင်ပို့ခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အိန္ဒိယနိုင်ငံတောင်ပိုင်း လေပြင်းမုန်တိုင်းတိုက်ခတ်

## အင်ဒရာပရာဒေ့ရှ်နှင့်တမီလ်နာဒူးပြည်နယ်တို့တွင်လူသေဆုံး

**ဟိုက်ဒရာဘတ် အောက်တိုဘာ ၁၆**

အိန္ဒိယနိုင်ငံ တောင်ပိုင်းဒေသတွင် ယခုရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ၂၂ ဦးထက် မနည်း သေဆုံးရကြောင်း၊ ၁၀ ဦးပျောက်ဆုံးနေပြီး ၎င်းတို့သေဆုံးနိုင်သည်ဟုစိုးရိမ်ပူပန်မှုများ ပေါ်ထွက်လျက်ရှိကြောင်း၊ ရေစီးဖြင့် မျောပါခြင်းနှင့် ဓာတ်လိုက်ခြင်းတို့ကြောင့် လူသေဆုံးမှုများဖြစ်ပေါ်ရကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

**သေဆုံး**

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် သဘာဝကပ်ဘေးဆိုက်ရောက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း အမျိုးသမီးလေးဦး အပါအဝင် ခုနစ်ဦးသေဆုံးရကြောင်း၊ ယင်းပြည်နယ်၏ အိမ်နီးချင်းပြည်နယ်ဖြစ်သော တမီလ်နာဒူးပြည်နယ်တွင် လေမုန်တိုင်း တိုက်ခတ်မှုကြောင့် ၁၁ ဦး သေဆုံးရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**လေပြင်းတိုက်**

အင်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် ပျောက်ဆုံးနေသူ ၁၀ ဦးမှာ သေဆုံးသွားပြီဟု ယူဆရကြောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းပေါ်ပေါက်ရာမှ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကာ လေပြင်းတိုက်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**သတိပေး**

အင်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် တနင်္ဂနွေနေ့အထိ မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး တစ်နာရီလျှင် မိုင် ၃၀ နှုန်းဖြင့် လေပြင်းတိုက်ခတ်မှုများ ဆက်လက် ဖြစ်ပေါ်နိုင်ကြောင်း ပြည်နယ် မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဝိဆတ်ခါပတ်နမ်မြို့ရှိ လေဆိပ်ကို ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ပိတ်ထားရကြောင်း၊ လေယာဉ်ပြေးလမ်းပေါ်တွင် ရေနစ်မြုပ်နေခြင်းကြောင့် လေယာဉ်ခရီးစဉ်များကို ဆိုင်းငံ့ထားရကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရင်ပါခရိုင်မှ ရေဘေးဒုက္ခသည်များ မိုဟီပါဂတ်မြစ်ကို ဖြတ်၍ နေရင်းဒေသသို့ ပြန်လာနေကြသည်ကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ရှေးဟောင်းအဆောက်အအုံ

## ပီရူးတွင် တူးဖော်တွေ့ရှိ

**လီမာ အောက်တိုဘာ ၁၆**

ပီရူးနိုင်ငံတွင်စက်ဝိုင်းပုံရှိရှေးဟောင်းဘုရားကျောင်း တစ်ကျောင်းကို ဆန်ချီဘိုဂျိုအရပ်၌ ပီရူးနှင့်ဂျာမန်ရှေးဟောင်းသုတေသီများက တူးဖော်တွေ့ရှိခဲ့ကြောင်း၊ အောက်တိုဘာ ၁၄ ရက်က ထွက်ပေါ်လာသော သတင်းများအရ သိရှိရသည်။

အဆိုပါဒေသ၌ ရှေးဟောင်းပစ္စည်းတူးဖော်ရေးလုပ်ငန်းကို ၂၀၀၃ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ မီတာ ၄၀ အရှည်ရှိသော ရှေးဟောင်းကျောက်နံရံတစ်ခုကို တူးဖော်တွေ့ရှိကြသည်။ နံရံပေါ်တွင် ပါရှိသော ရုပ်ပုံများသည် ရှေးဟောင်းဓလေ့နှင့် ဆက်စပ်နေသော အမှတ်အသားများ ပါရှိသည့်အတွက် ပီရူးနိုင်ငံ၏ သမိုင်းကြောင်းကို ပိုမိုသိရှိခွင့်ရရှိနိုင်မည်ဟု ပညာရှင်များက ဆိုသည်။

ထိုရုပ်ပုံများတွင်မိကျောင်းနှင့်သဏ္ဌာန်တူသော တွားသွားသတ္တဝါတစ်ကောင်၏ ရုပ်ပုံကို တွေ့ကြရသည်။ ယင်းရုပ်ပုံမျိုးကို တွေ့ရှိရသည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ရာမာဒီမြို့၌ ကန်သံချပ်ကာယာဉ် ပုံးခွဲခံရ

## ကန်မရိန်း တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၇**

ရာမာဒီမြို့တွင် အမေရိကန်စစ်ယာဉ်တစ်စီးသည် အောက်တိုဘာ ၁၅ရက်က အရပ်လုပ်ဗုံးတစ်လုံး ထိမှန်ခံရသည့်အတွက် လိုက်ပါလာသူတပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားရကြောင်း ကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်များမှာ ကမ်းတက်မရိန်းတပ်ဖွဲ့ဝင်များ ဖြစ်ကြောင်းသာ စစ်ဘက်ထုတ်ပြန်ချက်တွင် ပါရှိပြီး အဖြစ်အပျက်နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် ပြီးခဲ့သောလအတွင်းက တိုက်ခိုက်မှုများကြောင့် ကန်သံချပ်ကာယာဉ်များ အထိအခိုက် များပြားခဲ့ရသည်ဟု ဆိုသည်။ သံချပ်ကာဖျက်လက်နက်လုပ်သော နည်းပညာသည် အီရန်တို့ထံမှ အီရတ်ဆန့်ကျင်ခုခံသူများထံ ရောက်ရှိလာခြင်းဖြစ်သည်ဟု ကန်နှင့် ဗြိတိသျှတပ်မှူးများက စွပ်စွဲပြောကြားခဲ့သည်။

အီရတ်စစ်ပွဲအတွင်း သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် အနည်းဆုံး ၁၉၇၀ ရှိပြီဖြစ်ကြောင်းသိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကန်က လေကြောင်းမှ ဗုံးကြဲ၍ ဒေသခံ ၂၅ဦး သေဆုံး

**ရာမာဒီ(အီရတ်) အောက်တိုဘာ ၁၇**

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက် အနောက်ဘက်ရှိ ရာမာဒီမြို့တွင် အောက်တိုဘာ ၁၆ရက်က တိုက်ခိုက်မှုများ အပြင်းအထန် ဖြစ်ပွားလျက်ရှိသည့် နေရာကို အမေရိကန်တို့က လေကြောင်းမှ ဗုံးကြဲသည့်အတွက် ဒေသခံ ၂၅ဦး အသက်ဆုံးရှုံးရကြောင်း ရာမာဒီမြို့ခံ ဆရာဝန်တစ်ဦးက ပြောကြားကြသည်။

အမေရိကန်စစ်ဘက်က အဆိုပါဒေသတွင် တိုက်ခိုက်မှုများ ဖြစ်ပွားသည် ဆိုသောသတင်းတစ်စုံတစ်ရာ ရရှိခြင်းမရှိဟု ဆိုသည်။

ရာမာဒီမြို့ ဆေးရုံသို့ အလောင်း ၂၅လောင်းနှင့် ဒဏ်ရာရထားသူရှစ်ဦးတို့ ရောက်ရှိလာကြောင်း ဆရာဝန် ဘာဆမ်အယ်လ်ဒူလာမီက ပြောကြားသည်။ သေဆုံးဒဏ်ရာရသူများ၏ ဆွေမျိုးသားချင်းများ ပြောကြားချက်အရ ရာမာဒီမြို့၏ အနောက်ပိုင်းကို ကန်တို့က လေကြောင်းမှ တိုက်ခိုက်စဉ်အတွင်း ထိခိုက်သေဆုံးရသူများဖြစ်ကြောင်း သိရှိရသည်ဟု ဆိုသည်။

ထိုမြို့၏အလယ်ပိုင်းနှင့် အနောက်ပိုင်းအရပ်များတွင် တိုက်ခိုက်မှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ကြောင်း မြို့ခံလူထုက ပြောကြားကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# မြန်မာပြည်သူတို့အတွက် အာဟာရမဟုတ်သည့် အဆိပ်အတောက်များ

အောင်မိုးခံ

ဒီကနေ့ကာလမှာ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အရှိန်အဟုန်မပျက်တည်ဆောက်နေသော မြန်မာနိုင်ငံရဲ့ ပြောင်းလဲတိုးတက်နေတဲ့ ပကတိအခြေအနေမှန်ကို ဆန့်ကျင်ပြီး ပြည်ပအားကိုးအဆိုးမြင်သူများ၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာနဲ့အပြုသဘောဆက်ဆံရေးများ တိုးတက်ကောင်းမွန်ကျယ်ပြန့်လာအောင် ကြိုးပမ်းရမယ့်အစား နိုင်ငံတကာဆက်ဆံရေးတွင် ဝိုင်းပယ်အထီးကျန်ပြုလိုသူများ၊ မြန်မာနိုင်ငံကို မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရမယ့်အစား အနောက်ဒီမိုကရေစီပုံတူကူးလိုသူများ၊ မြန်မာနိုင်ငံအပေါ် လူသားချင်း စာနာထောက်ထားသော နိုင်ငံတကာအကူအညီများရရှိရေးကို ကြိုးပမ်းရမယ့်အစား ပြည်ပက လူသားချင်းစာနာထောက်ထားတဲ့ အကူအညီများ ဖြတ်လိုသူများ၊ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်းရှေ့တန်း တက်လှမ်းရေးအတွက် အဆင့်အတန်းအမြင့်ဆုံး မှတ်ကျောက်ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားကို ဆန့်ကျင်ပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေးဆုတ်ယုတ်ပျက်ပြားကုန်အောင် စီးပွားရေးပိတ်ဆို့ အရေးယူမှုကို အားပေးထောက်ပံ့နေသူများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ကူညီပံ့ပိုးကြိုးပမ်းသွားရမယ့်အစား ပြည်တွင်းဆူပူအုံကြွမှုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင် ဖန်တီးနေသူများ၊ မိမိတို့ အမျိုးသားချင်း သင့်မြတ်စည်းလုံးရေးကို ကြိုးပမ်းရမယ့်အစား ပြည်ပသြဇာခံပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲနေသူများရှိနေပါတယ်။ ဒါတွေဟာ နိုင်ငံတိုင်းလိုလို ကြုံတွေ့ရတတ်တဲ့ အပြုပိုင်းနဲ့အဖျက်ပိုင်း၊ အဆိပ်နဲ့အာဟာရပိုင်းလို ဖြစ်ပါတယ်။ မြန်မာပြည်သူတစ်ရပ်လုံးအဖို့ အပြုပိုင်းများ တိုးတက်အောင်မြင်အောင် ကြိုးပမ်းပြီး အဖျက်ပိုင်းများကျဆုံးချုပ်ငြိမ်းသွားအောင် တိုက်ဖျက်သွားဖို့ဖြစ်ပါတယ်။ အဲဒီလို တိုက်ဖျက်ရာတွင် အဆိပ်ကိုအာဟာရထင်မှတ်မမှားဖို့လိုပါတယ်။ အပျက်ကိုအပြုလို့ မထင်မှတ်ဖို့လိုပါတယ်။

၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

**“ဒီမိုကရေစီ စနစ်ကို ကျင့်သုံးကြတဲ့အခါ ပညာရည်မြင့်မားမှ စည်းကမ်းပြည့်ဝတဲ့အပြင် အမှန်နဲ့အမှားကို ပြတ်ပြတ်သားသား ခွဲခြားသိမြင်နိုင်ကြမှာဖြစ်တယ်။ အလားတူပဲ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှသာ ပြည်ပရဲ့ ဘက်စုံထိုးနှက်ချက်တွေကို တွန်းလှန်နိုင်ကြမှာဖြစ်တယ်။**

**“ပညာရည်နိမ့်ပါးခဲ့ရင် မှားသည်မှန်သည်ကို ဝေခွဲနိုင်စွမ်းအားနည်းတာကြောင့် မဲဆွယ်ဖြားယောင်းမှုနောက်ကိုပါသွားပြီး အဂတိတရားမကင်းတဲ့ ရွေးချယ်မှုတွေကို ပြုမိကြလိမ့်မယ်။ အဲသလိုဆိုရင် လွတ်လပ်ရေးရပြီးခါစတုန်းက ပါလီမန်ဒီမိုကရေစီစနစ်လို စည်းမဲ့ကမ်းမဲ့ပြန်ဖြစ်သွားပြီး ဒီမိုကရေစီစနစ်ဟာ ဆိတ်သုဉ်းသွားနိုင်တယ်။ ဒါကြောင့် တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း လူသားစွမ်းရည်မြင့်မားအောင် မြှင့်တင်ပေးလျက်ရှိတယ်”**လို့ထည့်သွင်း မြွက်ကြားသွားခဲ့ပါတယ်။

မှန်ပါတယ်။ ဒီမိုကရေစီနိုင်ငံကို ကြုံသလိုဖြစ်သလို ထူထောင်မယ်ဆိုရင် ဗြိတိသျှစာရေးဆရာကြီးဂျော့ဘားနတ်ရှောပြောတဲ့ (Democracy is the Election,by the Ignorance for the corrupted Fews)ဒီမိုကရေစီဆိုတာ မသိနားမလည်သူများက ကိုယ်ကျိုးရှာမယ့် လူတစ်စုကို ရွေးချယ်ခြင်းဆိုသလို ဖြစ်သွားနိုင်ပါတယ်။

နိုင်ငံရေးသုတေသီတို့ကလည်း “ဒီမိုကရေစီကျင့်စဉ်ဟာ အပြောလွယ်သလောက် အလုပ်ခက်တယ်၊ ပြောသလောက်လက်တွေ့ ကျင့်သုံးဖို့ခဲယဉ်းတယ်။ ဒီမိုကရေစီဆိုတာဘာလဲလို့မေးရင် လူထုအတွက် လူထုတင်မြှောက်သော လူထုအစိုးရဖြစ်တယ်လို့ လွယ်လွယ်ပြောနိုင်ကြပေမယ့် အဲဒီလို ဒီမိုကရေစီအစိုးရမျိုးဖြစ်ဖို့ မျိုးဆက်လိုက်ထူထောင်ရတာရှိသလို နိုင်ငံတွေအပေါ် မူတည်ပြီး ကာလတစ်ရပ်အထိ ထူထောင်ရတာချည်းဖြစ်တယ်။ စစ်မှန်တဲ့ ဒီမိုကရေစီဆိုတာ နိုင်ငံသားတိုင်း ဆင်ခြင်တုံတရားပြည့်ဝပြီး အဂတိတရားလေးပါးကင်းစွာ ကိုယ်စားလှယ်များကို မဲပေးရွေးချယ်နိုင်တဲ့ အဆင့်ရောက်မှသာ ထွန်းကားလာမယ်”လို့ ဆိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံအစိုးရဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးဦးထိပ်ထားပြီး မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကို အဆင့်ဆင့်အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို ဒီမိုကရေစီ အခြေခံကျင့်စဉ်ကြီး(၄)ရပ်နဲ့ တည်ဆောက်နေပါတယ်။ ဒါတွေကတော့–

(၁) **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတွက် အခြေခံရမယ့်မူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေရအောင် တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်။**

(၂) **အဲဒီအခြေခံမူနဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အခြေခံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲမယ်၊ အဲဒီ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရတဲ့အခါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုချက်ရယူမယ်။**

(၃) **ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပမယ်။**

(၄) **လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်မယ်။**

အဲဒီတော့ အများဆန္ဒကို လေးစားပါတယ်၊ ဒီမိုကရေစီလိုလားပါတယ်ဆိုတဲ့ အင်အားစုတွေက ဘာအကြောင်းတွေကြောင့် ဆက်လက်ဆန့်ကျင်နေပါသလဲ။ ဒီမိုကရေစီနိုင်ငံတော်ထူထောင်တယ်–မထူထောင်ဘူးဆိုတာ ကျင့်သုံးတဲ့မူ(တရား)ကို ကြည့်မလား၊ လူပုဂ္ဂိုလ်တွေကို ကြည့်မလား။

ကျင့်သုံးတဲ့ အခြေခံမူ(တရား)နဲ့ ဒီမူ(တရား)အပေါ် ဘယ်လိုလက်တွေ့ ကျင့်သုံးတယ်ဆိုတာကိုသာကြည့်ရပါမယ်။ မိမိတို့ရဲ့ သြဇာခံဟုတ်–မဟုတ်ဆိုတာတွေနဲ့လည်း မကြည့်သင့်ပါ။

တကယ်လို့ မြန်မာပြည်သူတွေအကျိုးကို လိုလားတယ်ဆိုရင် မြန်မာနိုင်ငံ ဒီမိုကရေစီထူထောင်ရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စာပေတတ်မြောက်မှု အဆင့်အတန်းမြင့်မားလာရေးကိုသာ အားပေးကူညီသင့်ပါတယ်။ ဒါပေမယ့်အမေရိကန်နဲ့ အနောက် အုပ်စုနိုင်ငံအချို့ဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ပြီး ဒီမိုကရေစီ နိုင်ငံထူထောင်ရေးနဲ့ အလှမ်းဝေးသွားအောင်ဖန်တီးမှု၊ ပြည်တွင်းတည်ငြိမ် အေးချမ်းမှု ပျက်ပြားစေရန်သွေးထိုးမှု၊ တစ်ဖက်သတ်ဝင်ရောက်စွက်ဖက် နေတဲ့အတွက် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ထိခိုက်စေမှု၊ မြန်မာ့အရေးကို ပုံကြီးချဲ့ပြီး လုံခြုံရေးကောင်စီက အရေးယူရန် ကြိုးပမ်းမှုတွေကိုသာ လုပ်ဆောင်နေပါတယ်။

အထူးသဖြင့် အမေရိကန်နိုင်ငံဟာ (၁၉၈၈)ခုနှစ်အရေးအခင်းမှာ နိုင်ငံတော်တာဝန်ကို ဘယ်လူပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်း၊ ဘယ်အင်အားစုကမှ ဝင်ရောက်ထမ်းဆောင်နိုင်စွမ်းမရှိတဲ့အတွက် တပ်မတော်က စတင်ဝင်ရောက် တာဝန်ယူချိန်မှစပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေး အကူအညီများဖြတ်တောက်ပစ်ခဲ့ပါတယ်။ အာဏာပြန်လွှဲပေးဖို့လည်း တောင်းဆိုခဲ့တယ်။ ဒါအပြင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ ဆက်လက်ဖိအားပေးလာပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမဲ့စွာနဲ့ အာဏာကို ဖြတ်လမ်းကလွှဲဖို့ တစ်ဖက်သတ်ထောက်ခံ အားပေးလာတယ်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှာ အမေရိကန် ရင်းနှီးမြှုပ်နှံမှု အားလုံးကို ပိတ်ပင်တဲ့ ဥပဒေကို အမေရိကန်ကွန်ဂရက်က အတည်ပြုခဲ့တယ်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံမှ သွင်းကုန်အားလုံးကို တားမြစ်ခဲ့တဲ့အပြင် နိုင်ငံရပ်ခြားမှာရှိတဲ့ မြန်မာတို့ရဲ့ ပိုင်ဆိုင်မှုအစုစုကိုလည်း ထုတ်မပေးဖို့ သမ္မတဘုရှ်က အမိန့်ထုတ်ပြန်ခဲ့တယ်။

ဒါကြောင့် ဒီကနေ့လို တည်ငြိမ်အေးချမ်းစွာ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကြီးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အခြေခံမူများ ချမှတ်အကောင်အထည်ဖော်နေချိန်မှာ ချက်သမ္မတဟောင်း ဗာကလပ်ဟာဗဲလ်နဲ့ တောင်အာဖရိက ဘုန်းတော်ကြီးဒက်စမွန်တူးတူးတို့က မြန်မာ့အရေးကိုပုံကြီးချဲ့ပြီး လုံခြုံရေးကောင်စီအနေနဲ့ဝင်ရောက်အရေးယူဖို့ ကမကထပြုဆောင်ရွက်နေမှုတွေဟာ အနောက်ဆရာကြီးတွေရဲ့ နောက်ဆက်တွဲ ကြိုးပမ်းမှုသာဖြစ်တဲ့အတွက် မြန်မာပြည်သူတွေအဖို့ အာဟာရမဟုတ်တဲ့ အဆိပ်အတောက်သာဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

**တကယ်လို့ မြန်မာပြည်သူတွေအကျိုးကို လိုလားတယ်ဆိုရင် မြန်မာနိုင်ငံ ဒီမိုကရေစီ ထူထောင်ရေးအတွက် အခြေခံအကျဆုံး ဖြစ်တဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ စာပေ တတ်မြောက်မှု အဆင့်အတန်း မြင့်မားလာရေးကိုသာ အားပေး ကူညီသင့်ပါတယ်။**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင် သီရိမင်္ဂလာလမ်းနေ ဒေါ်ခင်သိန်း မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မစိုဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းမြင့်အောင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

## အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတံခွန်စိုက်ဒိုင်းလက်ရွေ့ပြိုင်ပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက် ညနေ ၆နာရီတွင် အဆိုပါ တပ်မဌာနချုပ်ခန်းမ၌ကျင်းပရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ တပ်နယ်၊တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တပ်မမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ရွေ့ပြိုင်ပွဲတွင် (က)အဆင့် သုံးဦး၊ (ခ)အဆင့် ၁၇ ဦး၊ (ဂ)အဆင့်၂၆ဦးနှင့် လူသစ်တန်း ၉၀တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သာဓုအိမ်ရာနေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးကျော်သက်–ဒေါ်ခင်သီတာညွန့်တို့၏ သား–မင်းသုတ(ခ)ပက်ထရစ်ကျော်သက်၏ (၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၁၀၀၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ပန်းလှိုင်မြစ်ကူးတံတားကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

# ပန်းလှိုင်တံတားသည် လှိုင်သာယာ-ဒလ-တွံတေးလမ်း၌ တည်ရှိ ပန်းလှိုင်မြစ်ကိုဖြတ်၍ တည်ဆောက်ထားပြီး မကြာမီဖွင့်လှစ်မည်

● ကျောဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက် ၇နာရီ ၁၅မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တို့ကို ဆက်သွယ်၍ ပန်းလှိုင်မြစ်ကူး ပန်းလှိုင်တံတား၏ လှိုင်သာယာမြို့နယ်ဘက်ခြမ်းရှိ တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးစီမံကိန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက တံတားတည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

## မကြာမီဖွင့်လှစ်မည်

ပန်းလှိုင်တံတားသည် လှိုင်သာယာ-ဒလ-တွံတေးကားလမ်း၌ တည်ရှိပြီး ပန်းလှိုင်မြစ်ကိုဖြတ်၍ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုဇုန် အမှတ်(၅)လမ်းမကြီးမှ ဒလ-တွံတေး ကားလမ်းသို့ ဆက်သွယ်ထားသည့် အရှည် ၁၁မိုင်၊ တစ်ဖာလုံရှိ လှိုင်သာယာ-ဒလ-တွံတေး ကားလမ်းကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

## တွံတေးတံတား စီမံကိန်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး၌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသည့် တွံတေးတံတား တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားဆိုင်ရာ အချက်အလက်များ၊ တံတား တည်ဆောက်ပြီးစီးမှု၊ ပစ္စည်းများ စုဆောင်းရရှိမှု အခြေအနေနှင့် သတ်မှတ်စီမံကိန်းကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးစေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တွံတေးတံတားသည် လှိုင်သာယာ-ဒလ-တွံတေး ကားလမ်းပေါ်တွင် တည်ရှိနေပြီး ဒေသဖွံ့ဖြိုးရေးအတွက်သာမက ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးအတွက်ပါ ထိထိရောက်ရောက် အကျိုးပြုနိုင်မည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ တံတားစီမံကိန်းကို သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးစေရေးနှင့် အလေအလွင့်နည်းပါးအောင် စနစ်တကျ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်၏ တွံတေးမြို့နယ်ဘက်ခြမ်းနှင့် လှိုင်သာယာမြို့နယ်ဘက်ခြမ်းတို့၌ ပင်မတာဝါတိုင် R.C.D ဘိုးပိုင်တူးခြင်းလုပ်ငန်းများ၊ ကြိုးထိန်းတုံးလုပ်ငန်း ဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတား ဘိုးပိုင်ထိပ်အုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

## သံမဏိကြိုးဆိုင်းတံတား

တွံတေးတံတားကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာအနီး၌ တွံတေးတူးမြောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိခြင်းဖြစ်သည်။ ပင်မတံတားအရှည်ပေ ၈၄၀၊ ချဉ်းကပ်တံတားအရှည်ပေ ၂၇၃၀ စုစုပေါင်းတံတား အရှည်ပေ ၃၅၇၀၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီနှင့် ရေလမ်းကင်းလွတ် အမြင့် ၄၅ပေ၊ အကျယ် ပေ ၇၀၀ ရှိသော တန် ၆၀ခံနိုင်ဝန်ရှိမည့် သံကူကွန်ကရစ် သံမဏိကြိုးဆိုင်း တံတားဖြစ်သည်။ တံတားတည်ဆောက်မှုစီမံကိန်းကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပန်းလှိုင်တံတားနှင့် တွံတေးတံတားများပြီးစီးပါက ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းတို့ကိုဖြတ်၍ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်တို့ရှိ မြို့နယ်များနှင့် ဧရာဝတီတိုင်းရှိ မြို့များသို့ တစ်ဆက်တစ်စပ်တည်းဆက်သွယ်သွားရောက်နိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းတွင် တာဝန်ခံလက်ထောက် အင်ဂျင်နီယာမှူးက တံတားတည်ဆောက်ရေး လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

## တွံတေးတံတား

တွံတေးတံတားကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တို ကျေးရွာအနီး၌ တွံတေးတူးမြောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိ၊

ပင်မတံတားအရှည်ပေ ၈၄၀၊ ချဉ်းကပ်တံတားအရှည်ပေ ၂၇၃၀ စုစုပေါင်းတံတား အရှည်ပေ ၃၅၇၀၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီနှင့် ရေလမ်းကင်းလွတ် အမြင့် ၄၅ပေ၊ အကျယ် ပေ ၇၀၀ ရှိသော တန် ၆၀ခံနိုင်ဝန်ရှိမည့် သံကူကွန်ကရစ် သံမဏိကြိုးဆိုင်း တံတားဖြစ်၊

တံတားတည်ဆောက်မှုစီမံကိန်းကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့။

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာ အခါတော်နေ့) ကောင်းမှုကုသိုလ်ပြုသူများ စည်ကား ရန်ကုန်မြို့တော်တစ်ခွင် အဘိဓမ္မာဒေသနာသံများ ခြုံလွှမ်း၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် အောက်တိုဘာ ၁၇

**ယနေ့သည် သီတင်းကျွတ်လ၏ လပြည့်နေ့(အဘိဓမ္မာအခါတော်)နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာတော်သမိုင်း၌ ဤသီတင်းကျွတ်လပြည့်နေ့တွင် မြတ်ဗုဒ္ဓသည် မြင်းမိုရ်တောင်ဦးမကကျူးသား ကျေးဇူးရှိတင် မြတ်မိခင်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးပြုသည့် နတ်ဗြဟ္မာပရိသတ်တို့အား အမြတ်ဆုံးတရားဖြစ်သော ပရမတ္ထဒေသနာ အဘိဓမ္မာဒေသနာတော်ဖြင့် ကျေးဇူးတုံ့ဆပ်ဟောကြားတော်မူခြင်း၊ တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ပြန်လည်ဆင်းသက် ကြွချီတော်မူသော မြတ်ဗုဒ္ဓအား လူနတ်ဗြဟ္မာများက မြတ်သောဆီမီးရှုမငြီးအောင် အသီးသီး ပူဇော်ကြခြင်း စသော ဝိသေသအထူးထူးတို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့၊ မီးမြင်းမိုရ်ပွဲတော်နေ့၊ ဝါကျွတ်ပွဲတော်နေ့ဟု သမုတ်ကြခြင်းဖြစ်သည်။**

ထို့ကြောင့် ယနေ့တွင် ရန်ကုန်မြို့တော်တစ်ဝန်းလုံးရှိ ဘုရား၊ ပုထိုးစေတီ၊ ဓမ္မာရုံနှင့် ရပ်ကွက်အသီးသီးတို့၌ အဘိဓမ္မာဒေသနာတော် ပူဇော်ပွဲများ၊ ဆီမီးနှင့် လျှပ်စစ်မီး ရောင်စုံထွန်းညှိပူဇော်ပွဲများနှင့် ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိပြီး အဘိဓမ္မာဒေသနာသံများဖြင့် ခြုံလွှမ်းကာ ညပိုင်းတွင် ဆီမီးရောင်စုံတို့ဖြင့် လှပဝေဆာလျက်ရှိသည်။

## ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘာသာရေးအသင်းအဖွဲ့များ၊ အပတ်စဉ်စေတီတော် ဝေယျာဝစ္စနှင့် သန့်ရှင်းရေးအသင်းအဖွဲ့များ၊ ရောင်တော်ဖွင့်အသင်းများနှင့် ဝတ်အသင်းများက စုပေါင်းဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်း၊ ပဋ္ဌာန်းပါဠိတော်၊ အဘိဓမ္မာကောက်နုတ်ချက် ပါဠိတော်နှင့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများ၊ သံဆန်းကဗျာများဖြင့် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများကျင်းပခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြခြင်း၊ သီလခံယူ ဆောက်တည်ကြခြင်း၊ စတုဒိသာ ဒါနပြုခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။ အထူးသဖြင့် ယနေ့ အရုဏ်တက်အချိန်မှစ၍ အရုဏ်ဆွမ်း၊ သစ်သီးဆွမ်း ဆက်ကပ်ကြသူများ၊ သီလခံယူဆောက်တည်ကြသူများ အထူးများပြား စည်ကားလျက်ရှိသည့်အပြင် နံနက်ပိုင်းမှ ညပိုင်းအထိ မိသားစုအလိုက် လာရောက်ဖူးမြော် ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသကဲ့သို့ စတုဒိသာဒါနပြုကြသော အသင်းအဖွဲ့များနှင့် တစ်ဦးချင်းစေတနာရှင်များကလည်း ဘုရားဖူးပြည်သူများအား အချိုရည်၊ အအေး၊ ရေသန့်ဘူး စသည်တို့ဖြင့် စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းကျွေးမွေးကြသည်။ ညပိုင်းတွင် မြတ်စွာဘုရားအား ရည်စူး၍ ဆီမီးအလင်းတိုင်များဖြင့် ထွန်းညှိပူဇော် လှူဒါန်းကြရာ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ထိန်လင်းလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့ညက ရွှေတိဂုံစေတီတော်တွင် အမျိုးသမီးငယ်များ ဆီမီးထွန်းညှိ ပူဇော်နေကြစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

## ဆူးလေစေတီတော်

ထို့အတူ ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော်၌လည်း ဂေါပကအဖွဲ့က ကြီးမှူး၍ ဂေါပကအဖွဲ့ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲ၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲနှင့် မြတ်စွာဘုရားအား သစ်သီး၊ ဆွမ်း စသည်တို့ဖြင့် ဆွမ်းတော်ကြီးတင်လှူပူဇော်ပွဲများ ကျင်းပကြသည်။ ထို့အပြင် အရုဏ်တက်ချိန်တွင် ဘုရားဖူး ပြည်သူများက ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်း၊ သီလခံယူဆောက်တည်ကြခြင်း၊ တရားဘာဝနာပွားများကြခြင်း စသည့် ကောင်းမှုကုသိုလ်များပြုကြသည့်အပြင် ညပိုင်းတွင် မြတ်စွာဘုရားအား ဆီမီးအလင်းတိုင်များဖြင့် ထိန်ဝေစွာ ထွန်းညှိပူဇော်လှူဒါန်းကြသည်။

## ဗိုလ်တထောင်စေတီတော်

အလားတူ ရန်ကုန်မြို့ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌လည်း ဂေါပကအဖွဲ့က ကြီးမှူး၍ အရုဏ်ဆွမ်းတော်ကြီးတင် ဆက်ကပ်လှူဒါန်းခြင်း၊ ဘာသာရေးအသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ အဘိဓမ္မာကောက်နုတ်ချက်များ၊ ကျူးရင့်သံများ၊ သံဆန်းကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊ ဘုရားဖူးပြည်သူများက အရုဏ်ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာတိုင်များဖြင့် လှူဒါန်းပူဇော်ကြသည့်အပြင် စုပေါင်း သီလခံယူ ဆောက်တည်ခြင်း၊ စတုဒိသာဒါနပြုကြခြင်းတို့ဖြင့် အထူးစည်ကားပြီး ညနေပိုင်းတွင် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူသည်။



သာသနာရေးဝန်ကြီးဌာန၏ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီး၌ ကျင်းပစဉ်။
(သတင်းစဉ်)

## ကမ္ဘာအေးစေတီတော်

ထို့အတူ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌လည်း ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို မွန်းလွဲပိုင်းတွင် စေတီတော် ပရိဝုဏ်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် စေတနာ၊ တနင်္ဂနွေ(ညနေ)၊ မဟာမြိုင်၊ သစ္စဝါဒီ၊ သန္တာ၊ ဓမ္မမာက၊ ဓမ္မရောင်ခြည်၊ ဓမ္မသိင်္ဂီ၊ ပုညကာရ၊ ဓမ္မစကြာ(၈)၊ ဝိသာခါ၊ ပဋ္ဌာန်းရောင်တော်ဖွင့်၊ သာသနပါလ၊ သောကြာနှင့် ဓမ္မမေတ္တာဝတ်အသင်းတို့က အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ အဘိဓမ္မာပါဠိကောက်နုတ်ချက်များ အမွှန်းပူဇော်မှုများ၊ မေတ္တာပို့ ဆုတောင်းများဖြင့် ပူဇော်ကျူးရင့်ကြပြီး ဘုရားဖူးလာပြည်သူများကလည်း ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုများပြုကြရာ အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် မြတ်စွာဘုရားအား ဆီမီးအလင်းတိုင်များဖြင့် ထွန်းညှိပူဇော်ကြသည်။

## မဟာဝိဇယစေတီတော်

ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းတော်ရှိ မဟာ ဝိဇယစေတီတော်မြတ်ကြီး၌ ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၃)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ ဝတ်အသင်းများက ယမန်နေ့မှစ၍ အောက်တိုဘာ ၁၈ရက်အထိ နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ယနေ့ နံနက် ၉နာရီတွင် မြတ်စွာဘုရားအား သစ်သီး၊ မုန့်မျိုးစုံတို့ဖြင့် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းသည်။

## စွယ်တော်မြတ်စေတီတော်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်သော ဝရဒါဠှာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ အဋ္ဌမအကြိမ် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၉နာရီတွင် အဆိုပါ စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုရားပင့်ခြင်း၊ သမ္မာဒေဝ နတ်ဗြဟ္မာများကို ဖိတ်ကြားခြင်းများပြုလုပ်ပြီး ဝတ်အဖွဲ့များက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းတောင်ရိုး ဓမ္မနာဒ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ရေးသားတော်မူခဲ့သော အဘိဓမ္မာ ကျူးရင့်သံအပြည့်အစုံနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော် ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်ခြင်း၊



ရွှေတိဂုံစေတီတော် ၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဝါတွင်းကာလ ဗုဒ္ဓပူဇနီယပွဲတော်များ၊ သီလခံယူပွဲ၊ ဆွမ်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ အခမ်းအနားသို့ ကြွရောက်လာကြသော ပရိသတ်များက ဗဟန်းမြို့နယ် ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ကြေးမုံ)

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ညပိုင်းတွင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီးအား စေတီတော်ဝေယျာဝစ္စအသင်း (၁၄)သင်းနှင့် လူမှုရေးအသင်းအဖွဲ့များက ဆီမီး ၁၀၀၀၊ ပန်း ၁၀၀၀ တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

## လောကချမ်းသာ

အလားတူ ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၉နာရီတွင် ရုပ်ပွားတော်မြတ်ကြီးအား ယွန်းသပိတ်တော်ကြီးဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းပြီး ညပိုင်းတွင် ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြကာ မြတ်စွာဘုရားအား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။ ထို့အတူ နံနက်ပိုင်းမှညပိုင်းအထိ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းသူများ၊ သီလဆောက်တည်ကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဒါန၊သီလ၊ဘာဝနာ ကုသိုလ်ကောင်းမှုပြု ကြခြင်းတို့ဖြင့် စည်ကားလျက်ရှိပြီး နဝဂုဏဗုဒ္ဓမာမက သာသနာပြု ပါရမီရှင်များအသင်းက (၂၃)ကြိမ်မြောက် ဝါတွင်း အဓိဋ္ဌာန်အောင်ပွဲ မဟာနဝင်္ဂအလှူတော်ကို ကျင်းပရာ ယနေ့ အရုဏ်တက်အချိန်တွင် မြတ်စွာဘုရားအား နံ့သာ၊ ဆွမ်း၊ မုန့်အမျိုးမျိုး၊ ယို၊ သစ်သီး၊ စတုမဓု၊ ဆီမီး၊ ပန်း၊ ထီးဖြူတို့ဖြင့် ဆက်ကပ်လှူဒါန်းကြကာ လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာအစီအစဉ်ကို ရွတ်ဖတ်ပူဇော်ကြသည်။

## ဥက္ကလာပစေတီတော်

အလားတူ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းရှိ ဥက္ကလာပစေတီတော်၌ စေတီတော်ကြီးအား (၁၆)ကြိမ်မြောက်ဆွမ်းတော်ကြီး ကပ်လှူခြင်း၊ (၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲများကို ယမန်နေ့မှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁ရက်၊ အောက်တိုဘာ ၁၈ရက်အထိ ကျင်းပလျက်ရှိရာ တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ပြည်သူများ လှူဒါန်းသော ဆွမ်းတော်ကြီးပွဲများကို ကပ်လှူခြင်း၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ခြင်း၊ စေတီတော်ရင်ပြင်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့အတူ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ၁၃၆၇ခုနှစ် (၅၇)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ပူဇော်ပွဲအခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းလမ်းရှိ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက်ကြီး၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ အမှူးပြုသော ဆရာတော်များ၊ ဓမ္မကထိက ဆရာတော်များ၊ ကထိက ဆရာတော်များနှင့် စာထောက်ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး ဥက္ကဋ္ဌ ဦးသန်းတင်၊ အကျိုးတော်ဆောင်ချုပ် ဦးမျိုးခင်နှင့် အကျိုးတော်ဆောင်များ၊ အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် အသင်းဝင်များ၊ ဝတ်အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အကျိုးတော်ဆောင်ချုပ် ဦးမျိုးခင်က နတ်ပြဟ္မာများအား ပင့်ဖိတ်ပြီး မဟာဓမ္မသီတဂူဝတ်အဖွဲ့၊ ပန်းဘဲတန်း ဝတ်အဖွဲ့၊ ရတနာမာရ်အောင် ဝတ်အဖွဲ့နှင့် သာသနာနုဂ္ဂဟလူငယ်များ အဖွဲ့တို့က အခါတော်အကြောင်း လျှောက်တင်သံကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အသင်းကြီး၏ ဥက္ကဋ္ဌ ဦးသန်းတင်က အဘိယာစနကထာ ပန်ကြားလွှာကို ဖတ်ကြားလျှောက်ထားပြီး နိုင်ငံတော် ဩဝါဒါစရိယ၊ အသင်းကြီး၏ ဩဝါဒါစရိယ ညောင်တုန်း ဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်လက်၍ တေးသံရှင် နှင်းရည်သန့်နှင့် ရွှေရည်ဝင်းတို့က မော်ချင့်ပဏာကန်တော့လွှာဖြင့် သီဆိုပူဇော်ကြပြီး အကျိုးတော်ဆောင်ချုပ် ဦးမျိုးခင်က အဘိဓမ္မာအခါတော်ကျူးရင့်သံ

အသင်းများ၊ သာသနာ့ဝေယျာဝစ္စအဖွဲ့ဝင်များနှင့် ဘုရားဖူးပြည်သူများက ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပကြသည်။ ထို့အပြင် နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းတွင် စေတီတော်ရှိ သာသနိက အဆောက်အအုံ အသီးသီး၌ ဆီမီးများ ဝေဆာစွာ ထွန်းညှိပူဇော် လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့တော်အတွင်းရှိ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ခြောက်ထပ်ကြီးဘုရား၊ရန်ကုန်အာနန္ဒာဘုရား၊ ကြေးသွန်းဘုရားကြီးနှင့် ရန်မျိုးအောင် စေတီတော်တို့တွင်လည်း ယနေ့ အရုဏ်တက်ချိန်မှစ၍ နံနက်ပိုင်းအထိ ဆွမ်းတော်ကြီး ကပ်လှူ ပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ဆက်ကပ် လှူဒါန်းခြင်း၊ သီလခံယူဆောက်တည်ကြခြင်းနှင့် တရားဘာဝနာ ပွားများကြသူများဖြင့် အထူး

ရွတ်ဖတ်ပူဇော်ကြပြီး ယနေ့ နံနက် ၉နာရီတွင် မြတ်စွာဘုရားအား သစ်သီး၊ မုန့်မျိုးစုံတို့ဖြင့် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းသည်။

## စွယ်တော်မြတ်စေတီတော်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်သော ဝရဒါဠာဓာတုစေတိယ

...မြတ်မိခင်
...ူ့ပြည်သို့
...မ်းမြင်းမိုရ်

အောက်တိုဘာ ၁၇ရက်(သီတင်းကျွတ်လပြည့်နေ့)က ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ပရိဝုဏ်အတွင်းရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ ဘုရားဖူးပရိသတ်များ တရားတော် နာယူကြစဉ်။ (ကြေးမုံ)

ဆုတောင်းမင်္ဂလာ အမျှဝေခြင်း၊ နတ်ဗြဟ္မာတို့ ပြန်ပို့ခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနားကို အောင်ရတုဖြင့် ရုပ်သိမ်းလိုက်သည်။ ညပိုင်းတွင် စေတီတော်ကြီး၏ သာသနာ့ဝေယျာဝစ္စ အဖွဲ့သူ၊ အဖွဲ့သားများက ရင်ပြင်တော်တွင် ဆီမီး ၁၅၀၀ ပူဇော်ပွဲနှင့် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပကြသည်။

## ကျိုက္ကစံစေတီတော်

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီးအား နံနက်ပိုင်းတွင် စေတီတော်မုခ်လေးမုခ်၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းကြပြီး နံနက် ၉နာရီတွင် စေတီတော်ရင်ပြင်ရှိ ဓမ္မဗိမာန်ဓမ္မာရုံ၌ စေတီတော်ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် ဓမ္မပူဇနီယအဖွဲ့က ကြီးမှူး၍ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ကိုယ်စား ဂေါပကအဖွဲ့ဝင် ဦးအေးဖေက အဘိဓမ္မာအခါတော်နေ့နှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး စေတီတော်ဂေါပကအဖွဲ့ဝင် ဓမ္မပူဇနီယအဖွဲ့အတွင်းရေးမှူး ဦးမြင့်သိန်းက အဘိဓမ္မာအခါတော်နေ့ ကျင်းပခြင်းနှင့်ပတ်သက်၍ တင်ပြလျှောက်ထားသည်။

ထို့နောက် စေတီတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုမနထံမှ

## ကိုးထပ်ကြီးဘုရား

ထို့အတူ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ကိုးထပ်ကြီးဘုရားကြီး၌လည်း ဂေါပကအဖွဲ့က ကြီးမှူး၍ ဆွမ်းတော်ကြီးကပ်လှူခြင်း၊

ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ဓမ္မာရုံများမှ ဥပါသကာများ၊ ဥပတ္ထမ္ဘက အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများ၊ ဈေးသာယာရေး အဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီဝင်များနှင့် အမျိုးသမီး ဓမ္မစကြာအဖွဲ့ဝင်များက သီတင်းကျွတ်ပွဲတော်ကာလတွင် နေ့စဉ်

အောက်တိုဘာ၁၇ရက်(သီတင်းကျွတ်လပြည့်နေ့)ညက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်၌ လုပျိုဖြူလေးများ ဆီမီးထွန်းညှိပူဇော်နေကြစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

...ကြီးဌာန၏ သီတင်းကျွတ်လပြည့် (အဘိဓမ္မာ... အနားကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ...ကျင်းပစဉ်။ (သတင်းစဉ်)

...ားဖူးလာ ...၊ သီလ၊ ...းပြုကြရာ ...ည်။ ညပိုင်း ...မီးအလင်း ...ကြသည်။

...တ်

...န်းတော်ရှိ ...မြတ်ကြီး၌ ...(၁၃)ကြိမ် ...ဆက်ကပ် ...တ်အသင်း ...က်တိုဘာ ...ရှိမှ ညနေ ...ဉ်များဖြင့်

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ အဋ္ဌမအကြိမ် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၉နာရီတွင် အဆိုပါ စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုရားပင့်ခြင်း၊ သမ္မာဒေဝ နတ်ဗြဟ္မာများကို ဖိတ်ကြားခြင်းများပြုလုပ်ပြီး ဝတ်အဖွဲ့များက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းတောင်ရိုး ဓမ္မနာဒ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ရေးသားတော်မူခဲ့သော အဘိဓမ္မာကျူးရင့်သံအပြည့်အစုံနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော် ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်ခြင်း၊

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၅၇)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

ကိုလည်းကောင်း၊ သံဃာတော်များ ဦးဆောင်သော ပရိသတ်တို့က အဘိဓမ္မာခုနစ်ကျမ်း ကောက်နုတ်ချက် ပါဠိတော်များကို လည်းကောင်း ရွတ်ဖတ်ပူဇော်ကြကာ အသင်းကြီး ဥက္ကဋ္ဌ အမှူးပြုသော အမှုဆောင်များနှင့်အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုနှင့် ကုသိုလ်ပုညအသီးသီးအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ မယ်လမုစေတီတော်၌ ယနေ့ အရုဏ်တက်အချိန်တွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝတ်

စည်ကားလျက်ရှိပြီး ညပိုင်းတွင် ဆီမီးရောင်စုံတို့ဖြင့် ထွန်းညှိပူဇော်ကြသည်။

အလားတူ မြို့နယ်အသီးသီးရှိ ရပ်ကွက်ဓမ္မာရုံများ၌လည်း စုပေါင်းသီလခံယူပွဲများ၊ တရားပွဲများ၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများနှင့် ဝတ်ရွတ်ပူဇော်ပွဲများကို ကျင်းပကြကာ ညပိုင်းတွင် အစိုးရအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက်နှင့် နေအိမ်အသီးသီးတို့၌ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ထားကြရာ ယနေ့တွင် ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ အဘိဓမ္မာ ဒေသနာသံများ ခြုံလွှမ်းလျက် ဆီမီးရောင်စုံတို့ဖြင့် လှပဝေဆာလျက်ရှိသည်ကိုတွေ့ရှိရသည်။(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘက်စုံမွမ်းမံ တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်များ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏(၂၈)ကြိမ်မြောက် ပဝါရဏာပွဲ အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝါယမထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

# ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၇

**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ် ကြီး၏ (၂၈)ကြိမ်မြောက် ပဝါရဏာပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ယင်းစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘက်စုံမွမ်းမံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။**

### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စေတီတော်ဝင်းအတွင်းရှိ ဆရာတော် သံဃာတော်များ ကြွရောက် တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ပရိသတ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘက်စုံမွမ်းမံတည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဩဝါဒါစရိယ ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချ

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝါယမက ပဝါရဏာနှင့် စပ်လျဉ်းသည့် တရားတော်များနှင့် အနုမောဒနာတရားတို့ကို ချီးမြှင့်တော်မူရာ ဝန်ကြီးနှင့် ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ဘက်စုံ မွမ်းမံ တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၂၈)ကြိမ်မြောက် ပဝါရဏာပွဲ အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ဩဝါဒါ စရိယဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဘက်စုံမွမ်းမံ တည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများသည် စေတီတော်ကြီးအား လှည့်လည်ကြည့်ရှုကြပြီး စေတီတော် သန့်ရှင်းသာယာ ကြည်ညိုသပ္ပာယ်စေရေး ဆက်လက်ဆောင်ရွက်ရန် ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

# ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မာအခါတော်နေ့နှင့် ဝါကျွတ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် အဘိဓမ္မာအခါတော်နေ့ ဝါကျွတ်ဆွမ်းတော်ကြီးတင်ပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ဆရာတော်ကြီးအား ဝါကျွတ်ဂါရဝပူဇော်ပွဲကို ယနေ့နံနက် ၈နာရီက ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီးတွင် ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်း၊ ရှင်၊ လူယောဂီများက အဘိဓမ္မာပါဠိတော်များ၊ အဘိဓမ္မာရှစ်လုံးဘွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြသည်။

အစီအစဉ်အရ အတွင်းရေးမှူးဦးမောင်မောင်ကြည်က အဘိဓမ္မာအခါတော်နေ့အကြောင်းတင်ပြပြီး ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်က အဘိဓမ္မာတရားတော်များကို ဟောကြားချီးမြှင့်သည်။ ဆက်လက်၍ ဆွမ်းအလှူရှင် ဒုတိယဗိုလ်မှူးကြီး ဇင်ဝေသိမ်း-ဇနီး ဒေါ်ခင်ခင်ဝင်း အစရှိသော အလှူရှင်စာရင်းများကို အတွင်းရေးမှူး ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားတင်ပြပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။ အသက်(၇၀)အထက် သက်ကြီးယောဂီ ၄၀ကျော်တို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။ ထို့နောက်ဆရာတော်ကြီးက အဘိဓမ္မာအခါတော်နေ့တွင် ပြုလုပ်ကြသော ကုသိုလ်ကောင်းမှုများအတွက် ရေစက်ချအနုမောဒနာတရားချီးမြှင့်သည်။ **(အပေါ်ပုံ)** (က-ပ)

# အရိုးအထူးကု ဆရာဝန်များညီလာခံ

**ရန်ကုန် အောက်တိုဘာ ၁၇**

(၁၉)ကြိမ်မြောက် မြန်မာနိုင်ငံ အရိုးအထူးကုဆရာဝန်များ ညီလာခံကို နိုဝင်ဘာ ၁၀ရက်မှ ၁၂ရက်အထိ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အရိုးဆရာဝန်များ အားလုံးစုံညီစွာ တက်ရောက်နိုင်ရေးအတွက် ညီလာခံကျင်းပရေးကော်မတီမှ အကြောင်းကြားထားပြီးဖြစ်ကြောင်းနှင့် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

# စင်ကာပူကျောင်းတိုက် တရားပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် စင်ကာပူကျောင်းပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လှူဒါန်းထားကြသည့် စကြံ လမ်းများ အလှူရေစက်ချပွဲတွင် အကြိုတရားပွဲများကို ကျင်းပမည်ဖြစ်ရာ လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖြူးဆရာတော်၏တပည့် ကဝိအရှင်ဝဏ္ဏသိဿရ (ဓမ္မာစရိယ-ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက) က အောက်တိုဘာ ၂၁ရက်(သောကြာနေ့)နှင့် အောက်တိုဘာ ၂၂ရက်(စနေနေ့) ညတို့တွင် ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက် သဒ္ဓမ္မဇောတိက ကျောင်းတော်ကြီး၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။ (က-ပ)

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ နဂါးရုံစေတီတော်အား ရွှေသင်္ကန်းဆက်ကပ် သစ်သီး၊ ပန်း၊ မုန့်နှင့် ဆွမ်း၊ ဆီမီး၊ ရေချမ်း ကပ်လှူ

**ရန်ကုန် အောက်တိုဘာ ၁၇**

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် အနုပညာရှင်များ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းနှင့် ရုံးအဖွဲ့ဝင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)ဝင်းအတွင်းမှ ဆုတောင်းပြည့် နဂါးရုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းနှင့် သစ်သီး၊ ပန်း၊ မုန့်မျိုးစုံ၊ ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာ ကပ်လှူပွဲအခမ်းအနားကို ယနေ့ နံနက် ၅နာရီတွင် အဆိုပါ နဂါးရုံစေတီတော် ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ်မှ ကြီးကြပ်သူ ဦးမောင်မောင်သိန်း ဦးဆောင်၍ ပြိုင်ပွဲဝင် အနုပညာရှင်များသည် အလှူရှင်များနှင့်အတူ နဂါးရုံစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် အနုပညာရှင်နှင့် အလှူရှင်များက သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ မုန့်မျိုးစုံနှင့် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများကို စုပေါင်းကပ်လှူကြသည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့် (၇)ကြိမ်မြောက် သားဖွား၊ မီးယပ်ညီလာခံဖွင့်ပွဲ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၇

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ်တို့လိုက်ပါ၍ အောက်တိုဘာ ၁၅ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ သွားရောက်၍ ဌာနများ ဖွင့်လှစ်ထားရှိမှု၊ ပတ်ဝန်းကျင်သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပရဆေးဥယျာဉ် စိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားသည်။**

**တိုးချဲ့ဆေးရုံ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးတာဝန်ခံ ဦးကျော်ဝေက ပြင်ဦးလွင်မြို့ (ခုတင် ၂၀၀ ဆံ့) တိုးချဲ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ တိုးချဲ့ဆေးရုံ တည်ဆောက်ပြီးစီးမှုများကို လည်းကောင်း၊ ဆေးရုံအဟောင်းရှိ လူနာကုသဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်သို့ သွားရောက်၍ တိုင်းရင်းဆေးတက္ကသိုလ်အဝင်၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ ရေးသားထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာလွင်ကိုနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးဆေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး လူနာကုသဆောင်များ၊ ခုခံအားကျ ကာလသားရောဂါ တိုက်ဖျက်ရေးဌာနနှင့် တီဘီရောဂါ တိုက်ဖျက်ရေးဌာနများကို လည်းကောင်း၊ မန္တလေး ကလေးဆေးရုံကြီး ပြင်ပလူနာဌာနကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မန္တလေး ကလေးဆေးရုံကြီး၌ ခွဲစိတ်ကုသပေးခဲ့သော တင်ပါးဆုံဆက် အမြွှာညီအစ်မ မိုးမမအောင်နှင့် မိုးပပအောင် ညီအစ်မတို့၏ ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေနှင့် ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှု အခြေအနေများကို ကြည့်ရှုကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုဆေးသိုလှောင်ရေးဌာန (မန္တလေး) သို့ သွားရောက်၍ ဆေးပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှု၊ ဖြန့်ဝေပေးမှု၊ အအေးခန်း၌ ကာကွယ်ဆေးများ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဝေပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ဆေးများ ပျက်စီးမှုမဖြစ်စေရေးနှင့် ထိရောက်သော အာနိသင်လျော့နည်းမှု မရှိစေရန် ထိန်းသိမ်းထားရှိရေးတို့ကို မှာကြားသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၇)ကြိမ်မြောက် သားဖွား၊ မီးယပ် ညီလာခံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၁နာရီတွင် မန္တလေးမြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းအခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သားဖွား၊ မီးယပ် ဆရာဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက်မန္တလေးဆေးတက္ကသိုလ်မှ သားဖွား၊ မီးယပ်ဌာန ပါမောက္ခ ဒေါက်တာ ခင်မိမိလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၇)ကြိမ်မြောက် သားဖွား၊ မီးယပ် ညီလာခံ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ (ခုတင် ၂၀၀ ဆံ့) တိုးချဲ့ဆေးရုံ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (ကျန်းမာရေး)

## မျိုးဆက်သစ်တာဝန် အမြင့်သဘင်

* သဘင်ခေတ်ဦး၊ ရွှေဖြစ်ဖူးခဲ့
သစ်ထူးပေါ်လွင်၊ နန်းတော်ဝင်လာ
မြော်မြင်ကြီးမား၊ ဖန်တီးထားကြ
သစ်သားထုလုပ်၊ ကြိုးတပ်လှုပ်လို့
ဇာတ်ထုပ်ဇာတ်လမ်း၊ လူနှယ်စွမ်းအောင်
နန်းဆောင်ဘုံတင့်၊ ဂုဏ်ထည်ဝင့်လို့
အမြင့်သဘင်၊ ရုပ်စုံစင်ကြီး
အထင်ကရ၊ အမြင်လှခဲ့
မြန်မာ့အနုပညာ၊ ရှေးရိုးရာကို
ကမ္ဘာသိအောင်၊ မျိုးဂုဏ်ဆောင်နိုင်
ဉာဏ်ရောင်လျှမ်းပြည့်၊ ဘိုးဘွားမိဘ
ရှိကြကျေးဇူး၊ အမွေထူးအား
ဦးထိပ်ပန်ရွက်၊ မပျောက်ပျက်ရန်
မျိုးဆက်သစ်တို့တာဝန်တည်း။

* မြန်မာ့သဘင်ပညာ စတင်လာရာသည်
မင်္ဂလာရှိစွ၊ ရုပ်သေးမှတည့်
ရှေးပဝေသဏီ၊ အခြေတည်ပုံ
ရွှေပြည်ဘုံနန်း၊ ရုပ်စုံဆန်းပြား
ခမ်းနားတင့်လွင်၊ မြင့်သဘင်ဖြစ်
"တော်ဝင်"ပန်းမကိုင်၊ မြို့နန်းကြိုက်ခဲ့
နှမ်းခိုက်ကြွလာ၊ ခေတ်နှောင်းရာဝယ်
မြန်မာရုပ်စုံ၊ အလှဂုဏ်ကို
ပုံဖော်ထုဆစ်၊ ယနေ့ခေတ်ခါ
ဆန်းသစ်မော်ဝင့်၊ စင်တော်မြင့်ထက်
အဆင့်မြှင့်ပြီး၊ ပြိုင်ပွဲကြီးတွေ
ဝှဲချီးကျင်းပ၊ ဂုဏ်ပြုကြစို့
မြန်မာ့ရိုးရာ၊ ထိန်းသိမ်းပါမှ
မြန်မာပြည်အလှ၊ ကမ္ဘာတည်ရမည်တည်း။ ။

[တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲကြီးမှ ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲကို ဂုဏ်ပြုရေးဖွဲ့ပါသည်။]

**ပျဉ်းမနားမြင့်လှိုင်**

## တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၅။ | ၁၈-၁၀-၂၀၀၅ (အင်္ဂါနေ့) | **ဓမ္မပူဇာတေး(နံနက်)** (၁) အခြေခံ (၁၅-၂၀) (မ) **ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်)** (၂) ဝါသနာရှင် (ကျား) | **အမျိုးသားအက(နံနက်)** (၁) ပညာရှင် **အမျိုးသမီးအက (နေ့လယ်)** (၂) အခြေခံ (၁၅-၂၀) ဝိဋူရဇာတ်တော်ကြီး(ညပိုင်း) ရန်ကုန်တိုင်း မောင်မိုးမင်းနှင့်အဖွဲ့ | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း** (၁) အခြေခံ (၁၀-၁၅) (နံနက်) (၂) ဝါသနာရှင် (နေ့လယ်) | **ဂီတာ** (၁) အခြေခံ(၁၀-၁၅) (ကျား+မ) (နံနက်) (၂) ဝါသနာရှင်(ကျား+မ)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်** (၁) ဝါသနာရှင်(မ)(နံနက်) (၂) အခြေခံ(၁၅-၂၀) (မ) (နေ့လယ်) (၃) အခြေခံ(၅-၁၀) (မ) (နေ့လယ်) |
| ၆။ | ၁၉-၁၀-၂၀၀၅ (ဗုဒ္ဓဟူးနေ့) | **မဟာဂီတ(နံနက်)** (၁) အဆင့်မြင့် (ကျား) **မဟာဂီတ (နေ့လယ်)** (၂) အခြေခံ (၁၀-၁၅) (မ) | **အမျိုးသမီးအက(နံနက်)** (၁) အဆင့်မြင့် **အမျိုးသားအက (နေ့လယ်)** (၂) အခြေခံ (၁၀-၁၅) ဝိဋူရဇာတ်တော်ကြီး(ညပိုင်း) မဲကျရာ အမှတ်(၅) ဇာတ်အဖွဲ့ | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း** (၁) အခြေခံ (၁၅-၂၀) (နံနက်) (၂) အဆင့်မြင့် (နေ့လယ်) | **တယော** (၁) ပညာရှင်(ကျား+မ) (နံနက်) (၂) အခြေခံ(၅-၁၀) (ကျား+မ) (နေ့လယ်) | **ဆိုင်းတစ်ဦးချင်း** (၁) ပညာရှင်(ကျား)(နံနက်) (၂) အခြေခံ(၁၅-၂၀) (ကျား) (နေ့လယ်) |

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများတွင် ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်

ရန်ကုန် အောက်တိုဘာ ၁၇

**ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်ရှိ အဆိုပါကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင်ထွန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးဘမြင့်တို့က ပညာရည်မြင့်မားရေးအထောက် အကူပြုစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများသည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် ကက်ဆက် Video Room၊ Computer Application Section၊ Study Room၊ Language-Lab၊ Computer Aided Instruction Section များအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူနေမှုများနှင့် အိမ်တွင်းမှု သိပ္ပံပြခန်း၊ မှတ်တမ်းဓာတ်ပုံ ပြခန်းတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါကျောင်းရှိ မြတ်ခရေခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အားကိုးအားထားပြုရမည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အမျိုးသားပညာရည် မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာအရ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ပညာရေးကဏ္ဍ အစဉ်ခေတ်မီမြင့်မားနေအောင် အားပေးမြှင့်တင်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို မပြတ် ထိတွေ့သင်ယူခွင့်ရရှိစေရေးအတွက် ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ခေတ်မီပညာရပ်များကို အဆင့်မြင့်မားစွာဖြင့် သင်ကြား၊ သင်ယူနိုင်မှုအခွင့်အလမ်းများ ပိုမိုရရှိလာသည်နှင့်အမျှ ပညာရည်မြင့်မားရေး ဦးတည်ဆောင်ရွက်မှု အောင်မြင်မှာဖြစ်ကြောင်း ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့၏ တပည့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာ၊ အတတ်ပညာ အရည်အသွေး ပြည့်ဝရုံသာမက၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်း ရှင်သန်လာစေရန်လည်း လေ့ကျင့်သင်ကြားစေလိုကြောင်းဖြင့် ပြောကြားသည်။

**ပေးအပ်**

ထို့နောက် ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများအတွက် ကျောင်း အကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၂သိန်း၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများက ငွေကျပ် နှစ်သိန်း၊ သီဟသုခမ္မ မဏိဇောတရေ ဦးအောင်ကြည်မြင့်၊ လကမ္ဘာအထူးကုဆေးခန်းပိုင်ရှင် ဦးဘမြင့်၊ သုခကမ္ဘာ အထူးကု ဆေးခန်းနှင့် Liz Star ကုမ္ပဏီပိုင်ရှင် သီရိသုခမ္မ မဏိဇောတရေ ဒေါက်တာဝင်းဇော်၊ ရွှေလိပ်ပြာ ပုဂ္ဂလိက ငွေချေးလုပ်ငန်းပိုင်ရှင် ဦးသိန်းဖေဝင်း-ဒေါ်အေးအေးမြင့်နှင့် ဦးသိန်းသန်းထွန်း-ဒေါ်ကလျာယဉ်ကျေးတို့က ငွေကျပ် တစ်သိန်းစီဖြင့် စုစုပေါင်း အလှူငွေကျပ် ၁၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

# ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၇

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)ကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာရတနာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တိုင်း၊ ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းအမျိုးသမီး ရေးရာအဖွဲ့၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ တိုင်းရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင်နှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌတို့က အမှာစကား အသီးသီး ပြောကြားကြပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ၊ ငါးဘာသာဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းဝင်ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က အလှူငွေများကို ပေးအပ်ရာ တိုင်းအသင်း အတွင်းရေးမှူး ဦးမင်းဟန်က လက်ခံသည်။

ဆက်လက်၍ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များသို့ ထောက်ပံ့အလှူငွေများ ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူပြီး အစည်းအဝေး ပထမပိုင်းကို ခေတ္တရပ်နားသည်။

အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အသင်းအလုပ်အမှုဆောင်များက ကဏ္ဍအလိုက် အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်း၊ အတည်ပြုချက်ရယူခြင်း၊ ဆုံးဖြတ်ချက်များ ဖတ်ကြားကြေညာခြင်းများကို အစီအစဉ်အတိုင်း ကျင်းပပြီး အစည်းအဝေးကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သော ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။** (စွမ်းအင်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၀-၂၀၀၅ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၄:၁၅ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၂၅ | ၅။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၄၅ | ၇။ | မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၈။ | **အဝေးသင်တက္ကသိုလ်** **Aesthetics, the nature of Aeshetcse.** (တတိယနှစ်-ဒဿနိကဗေဒ) |
| ၅:၂၅ | ၉။ | ပညာခေတ် |
| ၅:၄၅ | ၁၀။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၅။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံသာပုံပါထက်အာကာ" (အပိုင်း-၁၇)** |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | ကျန်းမာသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၃၃)** |
| | ၂၂။ | သင့်အတွက်မနက်ဖြန် |
| | ၂၃။ | အပိတ်နှုတ်ဆက်စကား |
| | ၂၄။ | ပြီးပါပြီ။ |

# လဲဘူးကျေးရွာ သက်ကြီးပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မကွေးတိုင်း နတ်မောက်မြို့နယ် လဲဘူးကျေးရွာ ပုညကာရီအသင်းသူ၊ အသင်းသားများဦးစီး၍ သံဃာတော်များ၊ အသက် (၈၀)အထက် သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများအား ပဥ္စမအကြိမ်မြောက် ပူဇော်စောင့်ရှောက်လှူဒါန်းပွဲကို ၁၃၆၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်(အောက်တိုဘာ ၃၁ ရက်)တွင် လဲဘူးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပမည်ဖြစ်သည်။

တပည့် ဒါယကာ၊ ဒါယိကာမများနှင့် စေတနာရှင်ပြည်သူများ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ပြီး အခမ်းအနားကျင်းပမည့် အောက်တိုဘာ ၃၁ ရက်ညတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သာယာကုန်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဇေဝန္တ က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

# ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့သစ်(တောင်ပိုင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း (နဝရတ်ခန်းမ)၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ ကျောင်းသားဟောင်းများ အားလုံးသည် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များဖြစ်သော ဆရာဦးလှမြင့် ဖုန်း-၀၉၉-၈၂၁၅၇၂နှင့် ဦးစိုးဝေထွန်း ဖုန်း-၅၉၀၁၄၈ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

# ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း မြို့တော်ဝန်စစ်ဆေး စီမံကိန်း ပထမဆင့်ပြီးစီးပါက တစ်နေ့ ရေဂါလန် ၄၅သန်း ဖြန့်ဝေမည်

ရန်ကုန် အောက်တိုဘာ ၁၇

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသော ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)သို့ ရောက်ရှိလာရာ အတွင်းရေးမှူး ဦးတင်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ ဗဟိုပစ္စည်းထိန်းဌာန ဌာနမှူး ဦးဇော်ဌေး၊ ရေနှင့် သန့်ရှင်းမှု ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်၊ လျှပ်စစ်ပိုင်းဆိုင်ရာတာဝန်ခံ လက်ထောက်ဌာနမှူး ဦးဝင်းအောင်တို့က ကြိုဆိုကြသည်။**

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေတွန်းစက်များ တပ်ဆင်ထားရှိမှု၊ ရေစုကန်၊ အနယ်ထိုင်ကန်၊ ရေတင်စက်ရုံများ တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ငမိုးရိပ်ရေလှောင်တမံသို့ ရောက်ရှိလာသော ရေများကို အဆင့်ဆင့် သန့်စင်နည်းဖြင့် သဲရေစစ်ကန်၌ ရေများ သန့်စင်ကြည်လင်စေရန် စမ်းသပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**(အပေါ်ပုံ)**

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် သက်ဆိုင်ရာတာဝန်ရှိ ဝန်ထမ်းများအား ရှင်းလင်းဆောင်၍ တွေ့ဆုံ၍ စီမံကိန်းပထမဆင့် အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ တစ်နေ့ ဂါလန်၄၅သန်း ဖြန့်ဝေပေးရန် သတ်မှတ်ထားသည့် အတိုင်း ၂၀၀၅ခုနှစ်အကုန်၌ အပြီးဆောင်ရွက်ရန်နှင့် တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်ကာ စေတနာထား ဆောင်ရွက်ရန် မှာကြားသည်။ (၁၉)

# မြောင်းမြမြို့နယ်အသင်း ကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြောင်းမြမြို့နယ် အသင်းသူ၊ အသင်းသားများ၊ ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများနှင့် ဘီအိုစီ ပိဋကတ်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ဝင်တို့ စုပေါင်း၍ (၂၂)ကြိမ်မြောက် ဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီ ပိဋကတ်ကျောင်းတိုက်၌ နိုဝင်ဘာ ၆ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၉ နာရီတွင် ဆွမ်းခံပြီး မွန်းတည့် ၁၂နာရီ၌ ပင့်သံဃာအပါး ၈၀ တို့အား ကထိန်သင်္ကန်းဆက်ကပ်၍ တရားတော်များ နာကြားကြမည်ဖြစ်သည်။

သင်္ကန်းတစ်စုံ ကျပ် ၃၀၀၀၊ ဆွမ်းဝေယျာဝစ္စ ကျပ် ၂၀၀၀ သတ်မှတ်ထားရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒု-ဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း-၀၉-၅၁၂၃၇၂၃၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉၂၂၀၉၇၊ ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး (ငြိမ်း) ဖုန်း-၇၀၇၅၁၄၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးစန်းရွှေ ဖုန်း-၂၈၂၆၉၃ နှင့် ဗိုလ်ကြီးမြတ်ထိုက်(ငြိမ်း) ဖုန်း-၇၀၉၄၁၇ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# တောင်ကုတ်မြို့နယ်မှ မဂ္ဂဇင်းထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရိုးမလှိုင်း အမှတ်(၄)မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လိပ်မူလျက် နိုဝင်ဘာ ၂၀ရက် နောက်ဆုံးထားပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

# ဓမ္မပီမာန်တော် ရေစက်ချပွဲနှင့် ဘုရားအနေကဇာတင် စုပေါင်းမဟာဘုံကထိန် အလှူတော်ပွဲများ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာအနီး ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ ကျောင်းတိုက်အတွင်း၌ ဒါယကာ၊ ဒါယိကာမများ စုပေါင်းဆောက်လုပ် လှူဒါန်းသော ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ဗိမာန်တော်ကြီးနှင့် ဆရာတော်စံကျောင်းတော်၊ မုခ်ဦးနှစ်ခု သာသနိက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ အဆိုပါ သာသနိက အဆောက်အအုံများနှင့် "စုပေါင်းမဟာဘုံကထိန် အလှူတော်များကို တန်ဆောင်မုန်းလဆန်း ၆ရက် (နိုဝင်ဘာ ၆ရက်)တွင် ကျောင်းရေစက်ချပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျောင်းရေစက်ချအလှူတော်ပွဲမတိုင်မီ အကြိုဓမ္မသဘင်အဖြစ် တန်ဆောင်မုန်း လဆန်း ၃ရက် (နိုဝင်ဘာ ၃ရက်)တွင် တိပိဋကဓရ(ယော)ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသကလည်းကောင်း၊ တန်ဆောင်မုန်း လဆန်း ၄ရက် (နိုဝင်ဘာ ၄ရက်)တွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူဆရာတော် ဘဒ္ဒန္တ အရှင်ဉာဏိဿရကလည်းကောင်း၊ တန်ဆောင်မုန်းလဆန်း ၅ရက် (နိုဝင်ဘာ ၅ရက်)တွင် ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တကုဏ္ဍက ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို သုံးရက်တိုင်တိုင် ဟောကြားချီးမြှင့်မည်ဖြစ်သည်။

ယင်းအလှူတော်ပွဲတွင် စုပေါင်းဆွမ်းအလှူ၊ ဓမ္မပူဇာအလှူ၊ ပင့်သံဃာအလှူ၊ ကထိန်အလှူ စသည့် လှူဒါန်းဖွယ်ရာများကို ဖုန်း-၅၃၀၀၆၈ နှင့် ၅၀၁၈၄၆-လိုင်းခွဲ ၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ်(၈)ရပ်ကွက် ဇေယျာလမ်းနေ ကွယ်လွန်သူ ဦးအောင်တင်အားရည်စူး၍ ဇနီး ဒေါ်ကျင်ဆိုင် မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ် နှစ်သိန်း သုံးသောင်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**ရန်ကုန် အောက်တိုဘာ ၁၇**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

အောက်တိုဘာ ၁၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# သုံးမျိုးစုံအားကစား နောက်ဆုံးလူရွေးပွဲ ကျင်းပ အားကာ/သိပ္ပံမှ သက်ပိုင်တိုး ပထမရရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရေကူး၊ စက်ဘီးစီး၊ တာဝေးပြေး အားကစားသုံးမျိုးပါဝင်သည့် သုံးမျိုးစုံအားကစားပြိုင်ပွဲ နောက်ဆုံးလူရွေးပွဲကို ယနေ့နံနက် ၇နာရီက ကန်တော်ကြီး ကရဝိက်ကျွန်းရေပြင်တွင် မီတာ ၁၅၀၀ ရေကူးယှဉ်ပြိုင်ပြီး ကန်တော်ကြီးမှ သန်လျင်တံတားကိုဖြတ်ကာ သီလဝါဆိပ်ကမ်းသို့ ကီလိုမီတာ ၂၀ အကွာအဝေး စက်ဘီးစီးပြိုင်ကြသည်။ ထို့နောက် သီလဝါမှ သန်လျင်တံတားဖြတ်ကာ သာကေတ အဝိုင်းကြီးအနီးတွင် ပန်းဝင်ပြီး ထိုမှတစ်ဆင့် ကန်တော်ကြီးသို့ ၁၀ကီလို တာဝေးပြေးကြရာ သက်ပိုင်တိုး(အားကာ/သိပ္ပံရန်ကုန်)က ပထမ၊ ခင်မောင်သန့် (အားကာ/သိပ္ပံ ရန်ကုန်)က ဒုတိယ ပန်းဝင်ကြသည်။

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန်အတွက် ဆန်ကာတင်လေးဦး ပါဝင်ယှဉ်ပြိုင်ကြရာ သက်ပိုင်တိုး(၁၆နှစ်)က သုံးမျိုးစုံပြိုင်ပွဲတွင် ပထမရရှိသွားသည်။ (ကြေးမုံ)

# မန်ချက်စတာစီးတီးနှင့် ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင် မန်ချက်စတာစီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်

**လန်ဒန် အောက်တိုဘာ ၁၆**

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ရာ တနင်္လာနေ့က ကစားသော မန်ချက်စတာစီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲတွင် မန်ချက်စတာစီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မန်ချက်စတာစီးတီးအသင်းအတွက် ဂိုးများကို ရှေ့တန်းကစားသမား အင်ဒီကိုးလ်က ပွဲကစားချိန် ၁၈ မိနစ်တွင် တစ်ဂိုးနှင့် ဒုတိယဂိုးကို ၅၆ မိနစ်အကြာတွင် တစ်လုံးထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲတွင် ကိုးလ်နှင့် ဒါရီရပ်စ်ဘာဆဲလ်တို့သည် အတွဲမိမိ ဘက်ညီညီ ကစားနိုင်ခဲ့ပြီး တစ်ဖက်အသင်းနောက်တန်းကို ကောင်းစွာဒုက္ခပေးခဲ့သည်။

ဝက်စ်ဟမ်းဂိုးသမား ရိုင်းကာရိုးလ်က မန်စီးတီး၏သွင်းဂိုးများကို အကြိမ်များစွာ ကာကွယ်နိုင်ခဲ့သောကြောင့်သာ ဝက်စ်ဟမ်း အရှုံးသက်သာခဲ့ရခြင်းဖြစ်သည်။

ပွဲပြီးခါနီးအချိန်တွင် ဝက်စ်ဟမ်းအသင်းမှ ဘောဘီဇမ်မိုရာက တစ်ဂိုးသွင်းလိုက်နိုင်သည့်အတွက် မန်ချက်စတာစီးတီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။ ***အင်တာနက်***

**ပွဲပြီးခါနီးအချိန်တွင် ဝက်စ်ဟမ်းအသင်းမှဘော်ဘီဇာမိုရာက မန်ချက်စတာစီးတီး ဂိုးသမား ဒေးဗစ်ဂျိမ်းကိုကျော်၍ တစ်လုံးတည်းသောချေပဂိုးကို သွင်းယူစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဒေသဖွံ့ဖြိုးရေးသာမက ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး ထိထိရောက်ရောက် အကျိုးပြု သတ်မှတ်စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး၊ အလေအလွင့်နည်းပါးရေး ကြပ်မတ်ဆောင်ရွက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပန်းလှိုင်မြစ်ကူးတံတားနှင့် တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေး

ရန်ကုန် အောက်တိုဘာ ၁၇

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ပြီးစီးသွားသည့် ပန်းလှိုင်တံတားနှင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာ အနီးရှိ တွံတေးတူးမြောင်းဖြတ် တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်(အပေါ်ပုံ)နှင့် တည်ဆောက်ပြီးစီးပြီး မကြာမီဖွင့်လှစ်တော့မည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ မြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ပန်းလှိုင်တံတားကို တွေ့ရစဉ်။ (အောက်ပုံ) (သတင်းစဉ်)